ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ စနေနေ့၊ (30-5-2015) (၈၂၁၆)

## မိတ္ထီလာကန်တော်မင်္ဂလာ တေးထပ်

မဟ္ဌဒေးမင်းဆက်တို့၊ ယွင်းမပျက်စံရာ၊
သေဌ်နင်းထက် ကန်ရတနာမှာ၊ သယံဇာလေ့၊
နတ်လူတို့ စိတ်ကြည်သည်သည် မိတ္ထီလာ ချမ်းမြသာ။
ရှေ့-တောင်-မြောက် ပတ်ခွေရံသည်၊ နတ်ရေကန် အကွေ့၊
မြတ်ဝေသံ ရှင်ကာမွေ့ပါတဲ့၊ ဝက်ပါလေ့လိုလို၊
အံ့-ကိုးမည် ထင်ရရယ်နဲ့၊ အဥ္စနဆည်ခဲ့သကို။
ရှေ့-တောင်-မြောက် ရေဘောင်တခိုမှာ၊ ငွေတောင်လို လှိုင်းအိလို့၊
အတိုင်းမသိ ချီးအံ့ပွေလီ၊ ကြီးခန့်ပေသည်၊
(က) နောက်ကပ်လုံး-မပျက်တည်မည်၊ ကပ္ပ-ဋ္ဌီ၊ တည်-ဦးမည်ပ, လေး။
(ခ) နှောင်းလူတို့- ချမ်းသာတည်အောင်၊ ကပ္ပ-ဋ္ဌီ၊ စောင့်-သုံးမည်ပ,လေး။
(ဂ) ရတနာစာတ်-အမြတ်တည်အောင် ကပ္ပ-ဋ္ဌီ၊ စည်-ဦးမည်ပ,လေး။
- မြတ်ဝေသံ=ဝေဿန္တရာမင်း၏ ဝက်ပါတောင်နှင့် တူသည်။
- ဘုရားဘိုးတော်= အဥ္စနမင်းကြီး ဆည်ဖို့တော်မူသည်။

လယ်တီပဏ္ဍိတဦးမောင်ကြီး

# သန်းခေါင်စာရင်းရလဒ်များသည် ယနေ့ မြန်မာနိုင်ငံ၏ ပုံရိပ်ကို ဖော်ပြနေ

## ခေတ်စနစ်နှင့်လျော်ညီသည့် နိုင်ငံသားဖြစ်မှုဆိုင်ရာကိစ္စရပ်များ ပြဿနာချက်များကိုလည်း ဥပဒေပြုရေးနည်းလမ်းများ၊ အုပ်ချုပ်ရေးနည်းလမ်းများနှင့် အဆင့်ဆင့်ပြုလုပ်သွားကြရမည်

**နေပြည်တော် မေ ၂၉**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





ကြေးမုံ စာတည်းရှုထောင့် ၃၀-၅-၂၀၁၅ (စနေနေ့)

# ရာသီမရွေး သတိပြု

နွေရာသီကာလတစ်လျှောက်လုံး အပူဒဏ်ခံခဲ့ကြရသော သစ်ပင်ပန်းမန်များမှာ မုတ်သုံရာသီသို့အကူး ပက်ဖျန်းသွန်းဖြိုးခဲ့သည့် မိုးနှင့်အတူ စိမ်းစိုအေးမြလန်းဆန်းလာကြသည်။ နွေကာလက အပူစံချိန်တင်မှုနှင့် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်တက်မှုတို့သည် လူတို့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်ဖောက်ပြန်ခြင်း အကျိုးဆက်ဟု ပညာရှင်တို့က ဆိုကြသည်။

ယခုမိုးသံလေသံနှင့်အတူ မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့ ချင်းနင်းရောက်ရှိလာသော မုတ်သုံလေမှာ အဝင်ကြမ်းလာသည်။ ဤသည်မှာလည်း ရာသီဥတုဖောက်ပြန်မှု၏ ဆိုးကျိုးသက်ရောက်မှုဟု ဆိုရမည်ဖြစ်သည်။ အစဦးမို့ မသိသာသော်လည်း မုတ်သုံအလယ်၊ အဆုံးသတိပြုကြရတော့မည်။

မိုးဦးလေဦးနှင့်အတူ အခြားသတိပြုရမည့် အန္တရာယ်နှစ်ခုလည်းရှိသည်။ မိမိတို့ပတ်ဝန်းကျင်တွင် ခိုအောင်းကာ ဒုက္ခပေးရန် အသင့်စောင့်နေသည့် သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသော ခြင်ပုန်းခေါ် ခြင်ကျားနှင့်ဖြစ်လေ့ရှိသော ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်သည်။ ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် ရာသီမရွေးဟု ဆိုနိုင်ငြားလည်း အထူးသဖြင့် ရေမသန့်သည့်ယခုကဲ့သို့ မိုးရာသီကာလတွင် အဖြစ်များတတ်သည်။

သွေးလွန်တုပ်ကွေးရောဂါမှာ အသက် ၃ နှစ်မှ ၈ နှစ်ကြား ကလေးငယ်များကို ဒုက္ခပေးတတ်ပြီး ဝမ်းပျက်၊ ဝမ်းလျှောရောဂါမှာ အသက်အကန့်အသတ်မရှိ ဒုက္ခပေးတတ်သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသော ခြင်ကျားများသည် နေ့အချိန် နံနက် ၈ နာရီမှ ညနေ ၃ နာရီကြားကာလတွင် အချိန်ကန့်သတ်ချက်နှင့် ဒုက္ခပေးနိုင်သော်လည်း ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် အချိန်ကာလမရွေး ဖြစ်နိုင်သည်။

အထူးသဖြင့် အစားအစာကြောင့်ဖြစ်လေ့ရှိရာ မသန့်ရှင်းသော အစားအစာနှင့် အစပ်မတဲ့သော အစားအစာများကို စားသုံးမိသောကြောင့်ဖြစ်ကြသည်ကို ကြားသိနေရသည်။ ယခုလိုမိုးရာသီကာလတွင် ရေမသန့်သောကြောင့် ဖြစ်တတ်သည်ကိုလည်း သတိထားရမည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန် မိမိတို့၏ အိမ်၊ ကျောင်းပတ်ဝန်းကျင်မှ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းထားခြင်း၊ ခြင်ကျားပေါက်ပွားနိုင်သော ရေကြည်ရေသန့်ခိုအောင်းတတ်သည့် အိုး၊ ခွက်၊ စည်နှင့် ချိုင့်ခွက်တို့ကို သွန်လဲဖုံးအုပ်ထားခြင်း၊ မိုးရေလှောင်ကန်များတွင် ကျန်းမာရေးဌာန၏ အသိပေးချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ နေ့ခင်းအိပ်စက်တတ်သော ကလေးငယ်များအား ခြင်ထောင်ဖြင့် အကာအကွယ်ပေးခြင်း၊ စာသင်ကျောင်းများတွင် လေဝင်လေထွက်ကောင်းအောင် စီစဉ်ပေးခြင်းစသည်တို့ကို ကြိုတင်ဆောင်ရွက်ပေးထားရမည်ဖြစ်သည်။

အစားအစာနှင့် သောက်သုံးရေ မသန့်ရှင်းခြင်း၊ လက်မသန့်၊ အိမ်သာမသန့် သန့်လေးသန့် မဆောင်ရွက်နိုင်ပါက ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေဦးမည်သာဖြစ်သည်။ ဤသန့်လေးသန့်စနစ်ကို ကလေးသူငယ်များနေထိုင်ရာ ပတ်ဝန်းကျင်တွင် ပညာလည်းပေး၊ အလေးထား၍လည်း ဆောင်ရွက်ပေးကြရမည်။ ကလေးများအတွက် အာဟာရဖြည့်တင်းပေးသော ကျောင်းမုန့်ဈေးတန်းမှ ဒုတိယအမေများကလည်း ကလေးများကျန်းမာရေးအတွက် အလေးထားကြရမည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး၊ ကုသရေးနည်းလမ်းများကို စဉ်ဆက်မပြတ် အသိပေးလျက်ရှိသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည် ဆိုစကားနှင့်အညီ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးအသိ အထူးရှိကြဖို့လိုမည်ဖြစ်သည်။ ဖြစ်ပွားလာမှသာ ကာကွယ်ကြ၊ ကုသကြမည်ဆိုလျှင် အချိန်ကုန်၊ လူပမ်းဖြစ်ကာ စိတ်မော၊ လူမောဖြစ်ကြလိမ့်မည်။

မျက်မှောက်ကာလကို ပညာခေတ်ဟု တင်စားခေါ်ဝေါ်ကြရာ လူတိုင်းလူတိုင်း ကျန်းမာရေးအသိရှိအောင် လေ့လာဆည်းပူးနေရမည်။ အသိပညာမှ ရရှိထားသော ဗဟုသုတဖြင့် ဆင်ခြင်ချိန်ဆ ကျင့်ကြံအားထုတ်ခြင်းဖြင့် ကြိုတင်ကာကွယ်ရာလည်း ရောက်ပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် မိမိတို့နှင့် မိမိတို့မိသားစု၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို ချောချောမွေ့မွေ့ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

# မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နေ



**နေပြည်တော် မေ ၂၉**

နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၏ ဧည့်ခန်းမ၌ ရဲချုပ် ဇော်ဝင်းအား ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး UNODC မှ HIV/AIDS ဆိုင်ရာ အကြံပေး အရာရှိ Mr.Olivier-George Emmaunel Lermet နှင့် အဖွဲ့က လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်ရေးဆွဲ၍ နိုင်ငံတစ်ဝန်းလူထု လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ နှင့် နည်းဥပဒေပြင်ဆင်ရေးဆိုင်ရာ အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်သည့် အန္တရာယ်လျှော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး၊ ရန်ကုန်မြို့ အခြေစိုက် UNODC အနေဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် လုပ်ငန်းစွမ်း ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ စီစဉ်ဆောင်ရွက်ပေးမည့် ကိစ္စများနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၃၅၀၀ | - | ၇၁၄၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၁၃၅၀၀ | - | ၇၁၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၀၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၁၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၄၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၉၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၁၉၄. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၇၅. ၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၂. ၂၈၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၇. ၀၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၈၀. ၇၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၄၁၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = ၈၃၄. ၅၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၉. ၀၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

# ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**မူဆယ် မေ ၂၉**

မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်နှင့် အဝေးသင်တက္ကသိုလ်တက်ရောက်နေသူ ခြောက်ဦး၊ အထက်တန်းအဆင့် ခုနစ်ဦး၊ အလယ်တန်းအဆင့် သုံးဦးနှင့် မူလတန်းအဆင့် ကိုးဦးတို့အား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(၀၁၁၂)

တရုတ်
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ENGLISH Conversation Practice
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182
ဆရာ/မ၊အရာရှိဖြစ်သူများရေးပြလျှင်သတင်းစာဆုံမည်မဟုတ်
ဝါရင့်ဆရာကြီး
SH မြင့်သူထက် YU
သာသနာရေး ကျန်းမာရေး မီးရထား ရာထူးဝင်အဖွဲ့ ရသုံးမှန်းခြေ
လယ်/ဆည် လျှပ်စစ် သ/မ လူမှုဝန်ထမ်း ငွေတိုက်
ပါမောက္ခ (ငြိမ်း)၊ ဝါရင့်ဆရာကြီး/မကြီး များသင်သည်
B.Ed
နည်းပြ/ သရုပ်ပြ (ဆေးဘက်/ ပညာရေးကောလိပ်)
မူလတန်းမှ (၁၀)တန်းထိ (ဘာသာစုံ)
ENGLISH 4 Skills

# မြန်မာ့လက်မှုအနုပညာ

## ပြပွဲ-၂၀၁၅

နေ့ရက် - ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ရက်

အချိန် - နံနက် ၉း၃၀ နာရီမှ ၅း၀၀ နာရီထိ

နေရာ - "မင်္ဂလာခန်းမ"UMFCCI တာဝါ(ပထပ်)၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါသွင်းရမည့်ရက် | - | ၂၉-၅-၂၀၁၅ ရက်မှ ၉-၆-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီထိ |
| တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့် အချိန် | - | ၉-၆-၂၀၁၅ ရက် မွန်းလွဲ ၁၄း၀၀ နာရီ |
| တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၀၅၁၆ |

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊လမ်းဦးစီးဌာန၊ရန်ကုန်မြောက်ပိုင်းခရိုင်၊အင်းစိန်မြို့နယ်တွင် ၂၈-၅-၂၀၁၅ရက်မှစ၍ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ ပိုလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်



**ဝါဆော မေ ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ပိုလန်နိုင်ငံ ဝါဆောမြို့သို့ မေ ၂၄ ရက် ညနေပိုင်းတွင် ရောက်ရှိသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မေ ၂၅ ရက်နံနက်ပိုင်းတွင် ပိုလန်နိုင်ငံ ဝါဆောတက္ကသိုလ် စာကြည့်တိုက်၊ တော်ဝင်ပြတိုက်နှင့် ဉယျာဉ်တို့အား သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ပိုလန်နိုင်ငံ Constitutional Tribunal ဥက္ကဋ္ဌ Mr.Andrzej RZEPLINKI နှင့် လည်းကောင်း၊ ပိုလန်နိုင်ငံ National Chamber of Commerce ဥက္ကဋ္ဌ Mr. Andrzej AREDARSKI နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

မေ ၂၆ ရက် နံနက်ပိုင်းတွင် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Grzegorz SCHTYNA **(အပေါ်ယာပုံ)** နှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် ပိုလန်နိုင်ငံ ဆီးနိတ်ဥက္ကဋ္ဌ Mr. bogdan BORUSEWICZ နှင့် နှစ်နိုင်ငံလွှတ်တော် ချင်းဆက်ဆံရေး အတွက် ဆွေးနွေးခဲ့သည်။

ယင်းနောက် ပိုလန်နိုင်ငံ အညတြဂူဗိမာန်၌ ပန်းခွေချ ဂါရဝပြုပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူခဲ့သည်။ ထို့နောက် ပိုလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးဝန်ကြီး Mr. Janusz PIECHOCINSKI နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် Royal Castle သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မေ ၂၇ ရက်တွင် Human Rights Defender Office ၌ Dr. Irena LIPOWICZ နှင့် လည်းကောင်း၊ ပိုလန်ဆီးနိတ်၏ အမျိုးသားစီးပွားရေးကော်မတီဥက္ကဋ္ဌ Mr. Marek ZIOLKOWSKI နှင့် လည်းကောင်း တွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် Warsaw Rising Museum သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပိုလန်နိုင်ငံ Sejm လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Eugeniusz GRZESZCZAK နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြောက် "ကင်ဆာကုသအောင်မြင်ထားသူများနေ့" အထိမ်းအမှတ်အခမ်းအနားကျင်းပမည်

**နေပြည်တော် မေ ၂၉**

၂၀၁၅ ခုနှစ် ကမ္ဘာ့ကင်ဆာရောဂါနေ့ အထိမ်းအမှတ်အဖြစ် ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြောက် "ကင်ဆာကုသအောင်မြင်ထားသူများနေ့ (Cancer Survivors Day 2015)အထိမ်းအမှတ်အခမ်းအနားနှင့် "ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းအသင်းဝင်များနေ့" (Shwe Yaung Hnin Si Cancer Foundation Volunteers Day 2015) အခမ်းအနားတို့ကို ဇွန် ၇ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် အခမဲ့ကျန်းမာရေးဆေးစစ်ခြင်း၊ ကင်ဆာကုသအောင်မြင်ထားသူများအား တွေ့ဆုံခြင်းနှင့် အသင်းဝင်အဖွဲ့ဝင်များက ဆွေးနွေးအကြံပြုခြင်း၊ ကင်ဆာပညာပေးလက်ကမ်းစာစောင်များ ပေးအပ်ခြင်း၊ ကင်ဆာကုသအောင်မြင်ထားသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခြင်း၊ အလှူရှင်များ၊ ပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း ဖုန်း-၀၉-၇၃၁၅၄၉၇၄၊ အီးမေး htun-rose@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# မော်တော်ယာဉ်များ ရပ်နားသိမ်းဆည်းနိုင်မည့် နည်းစနစ်များပြသ

**ရန်ကုန် မေ ၂၉**

ရန်ကုန်မြို့တွင်း ယာဉ်ကြောကြပ်တည်းရှုပ်ထွေးမှုကြောင့် မြို့နေပြည်သူများနှင့် ခရီးသွားများ၏ အခက်အခဲများကို နေ့စဉ် နံနက်မှ ညနေမိုးချုပ်သည်အထိ တွေ့ကြုံခံစားနေကြရသည်။ ရန်ကုန်မြို့နေ ပြည်သူများက အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ခြင်းနှင့်အတူ ကိုယ်ပိုင်ကားရပ်နားရန် နေရာများကို အဆောက်အအုံ၏ မြေအောက် (Basement)တွင် တည်ဆောက်လာကြသည်။ သို့သော်လည်း အဆောက်အအုံတွင် နေထိုင်သူများအားလုံးအတွက် ယာဉ်ရပ်နားရန်နေရာ အလုံအလောက် မပေးနိုင်သည်ကို တွေ့ကြုံရသည်။

အများအားဖြင့် ယာဉ်ရပ်နားရန်နေရာကို အများပြည်သူတို့အသုံးပြုသည့် လမ်းမများပေါ်တွင် ရပ်တန့်ညအိပ်ခြင်းဖြင့် ဖြေရှင်းနေကြသည်။ ကိုယ်ပိုင်မြေညီထပ်တွင် နေထိုင်သူများက မိမိတို့၏ မော်တော်ယာဉ်ကို အိမ်ခန်းတွင်းသို့ မောင်းနှင်ခြင်းဖြင့် လွယ်ကူစွာ သိမ်းဆည်းကြသည်။

မေ ၂၇ ရက်မှ ၂၉ ရက်ထိ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် မြန်မာ့ဦးဆောင် ဆောက်လုပ်ရေးနည်းပညာနှင့် ပစ္စည်းကိရိယာများပြပွဲ (Build Tech Yangon 2015)တွင် X121-1 UK Parking Systems ဖြင့် မော်တော်ယာဉ်များကို အလွှာလိုက်၊ အခန်းလိုက်သိမ်းဆည်းထားပုံကို မြင်တွေ့ရသည်။

TPW ကုမ္ပဏီမှ မန်နေဂျာ ဒေါ်ခင်မျိုးသူက ရှင်းလင်းပြောပြရာတွင် ယခုပြသထားသည့် စနစ်မှာ Two Story Parking စနစ် ဖြစ်ကြောင်း၊ သုံးတန် အလေးချိန်ရှိ ကားခြောက်စီးကို သိမ်းဆည်းနိုင်ပြီး ဂါမာနိုက်စ်စတီးဖြင့် တည်ဆောက်ထားခြင်းကြောင့် ကြံ့ခိုင်ပြီး သံချေးမတက်နိုင်ကြောင်း၊ အလျား ၂၅ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၅ ပေရှိ မြေနေရာတွင် အောက်ခံမြေသားမှာ လေးလက်မထုရှိ ကွန်ကရစ်မြေသားရှိရန်လိုအပ်ကြောင်း၊ မော်တော်ယာဉ်များ ရွှေ့လျားစနစ်ဖြင့် အတင်အချပြုလုပ်နိုင်ရန်အတွက် ၂ ဒသမ ၂ မြင်းကောင်ရေအားရှိ မော်တာကို တပ်ဆင်ထားကြောင်း ပြောကြားသည်။

အဆိုပါ စနစ်အရ မော်တော်ယာဉ်များကို ခုနစ်လွှာအထိထားရှိနိုင်ပြီး အထပ်မြင့် အဆောက်အအုံများအတွက် Elevator Parking စနစ်လည်းရှိကြောင်း သိရသည်။ ထိုယာဉ်ရပ်နားရန် နေရာတည်ဆောက်ခြင်းကို နှစ်ရက်ခန့် အချိန်ယူတည်ဆောက်ပေးပြီး အရေးပေါ်လိုအပ်ချက်များရှိပါက ၂၄ နာရီ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့နှင့်တကွ အခြားမြို့ကြီးများတွင်နေထိုင်ကြသည့် မော်တော်ယာဉ်ပိုင်ရှင်များသည် မိသားစုအလိုက်ကိုယ်ပိုင်ကားများကို တစ်စီးထက်မက ဝယ်ယူသုံးစွဲလျက်ရှိရာ မိမိတို့၏ မော်တော်ယာဉ်များကို နေအိမ်၊ ခြံဝင်းအတွင်း အလိုအလျောက်အထပ်လိုက် သိမ်းဆည်းပေးနိုင်မည့် ထိုစနစ်များကို သိရှိလိုပါက အမှတ် (၃၁) အခန်း(၅) (၇)မိုင်ခွဲ ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ရှိ TPW သို့ သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။ **(အောင်သူရ)**

# စည်းကမ်းမဲ့ယာဉ်များ ကြပ်မတ်ပေးစေလို

**ရန်ကုန် မေ ၂၉**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အား မြန်နှုန်းမြင့်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကထားရည်ရွယ်၍ လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်စိုး၊ အတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ရှိသူများသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖများ၏ ပူးပေါင်းပါဝင်မှုအားကို ရယူ၍ မြို့နယ်အတွင်းရှိ လမ်းအသီးသီးတို့ကို မွမ်းမံပြင်ဆင်ခင်းကျင်း ဆောင်ရွက်နေသည့်ကာလတွင် စီးပွားရေးလုပ်ငန်းရှင်တချို့နှင့် ယာဉ်မောင်းတို့သည် မိမိအလိုဆန္ဒတစ်ခုတည်းကိုသာ ရှေ့တန်းတင်၍ ၎င်းတို့၏ ကုန်ပစ္စည်းတင်ကားကြီးများကို မဆင်မခြင် ဝင်ထွက်သွားလာမောင်းနှင်မှုများ ရှိနေခြင်းကြောင့် **(အောက်ပုံ)** ယာဉ်ကျောပိတ်ဆို့မှု၊ လမ်းပိတ်ဆို့မှုများ နေ့စဉ် ကြုံတွေ့နေရပြီး တန်ပိုတင်ယာဉ်ကြီးများ ဝင်ထွက်သွားလာမှုကြောင့် လမ်းသားကြံ့ခိုင်မှု အားနည်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ဟု ရပ်ကွက်တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

❑



# မူဟမ်မာဒူဘူဟာရီ နိုင်ဂျီးရီးယားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို



**အဘူဂျာ မေ ၂၉**

နိုင်ဂျီးရီးယားခေါင်းဆောင်သစ် မူဟမ်မာဒူ ဘူဟာရီက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ဂျီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာ၊ ဂုဏ်သိက္ခာ၊ ကြံ့ခိုင်မှုနှင့် ကြွယ်ဝချမ်းသာရေးအတွက် ၎င်း၏တာဝန်ဝတ္တရားများကို သစ္စာရှိစွာဖြင့် အကောင်းဆုံးထမ်းဆောင်သွားမည်ဟု ကတိပြုရင်း မေ ၂၉ ရက်တွင် နိုင်ဂျီးရီးယားနိုင်ငံသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ဘူဟာရီ၏ အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို မြို့တော် အဘူဂျာမြို့လယ်ရှိ Eagles Square ၌ ကျင်းပခဲ့ပြီး နိုင်ဂျီးရီးယားနိုင်ငံ တရားသူကြီးချုပ် မာမွတ်မိုဟာမက်နှင့် နိုင်ဂျီးရီးယားနိုင်ငံ၏ နိုင်ငံတကာမိတ်ဆွေများနှင့် နိုင်ဂျီးရီးယားပြည်သူများ၏ရှေ့မှောက်တွင် သမ္မတသစ်က ကျမ်းသစ္စာဆိုခဲ့သည်။ ကမ္ဘာတစ်ဝန်းမှ ဒါဇင်ပေါင်းများစွာသော သမ္မတများ၊ နိုင်ငံ့အကြီးအကဲများကလည်း အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

တရုတ်နှင့် အမေရိကန်ခေါင်းဆောင်များက လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဟန်ချန်ဖူးနှင့် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီခေါင်းဆောင်သော ဩဇာအာဏာရှိသည့် ကိုယ်စားလှယ်အဖွဲ့များကို အသီးသီးစေလွှတ်ခဲ့သည်။ အာဖရိကသမဂ္ဂ ဥက္ကဋ္ဌလည်းဖြစ်သူ ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက ပြီးခဲ့သည့် မတ် ၂၈ ရက်က ကျင်းပခဲ့သည့် နိုင်ဂျီးရီးယားသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိလာသူ ဘူဟာရီ၏ ရာထူးအပ်နှင်းပွဲအခမ်းအနားသို့ တက်ရောက်ရန် အခြား အာဖရိကခေါင်းဆောင်များကို ဦးဆောင်လာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

# လက်တင်အမေရိကတွင် ဖီဖာကို စုံစမ်းစစ်ဆေးလျက်ရှိ

**ဆော်ပေါ်လို မေ ၂၉**

**ဘရာဇီးနိုင်ငံတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ဖြစ်နိုင်ဖွယ်ရှိသော အဂတိလိုက်စားမှုများကို ရဲတပ်ဖွဲ့က စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း ယနေ့သတင်းများက ဖော်ပြသည်။**



တရားရေးဝန်ကြီး အက်ဒွါဒို ကာဒိုဇိုက ၎င်းတို့သည် ဘရာဇီးနိုင်ငံအတွင်း အခွန်တိမ်းရှောင်ခြင်းနှင့် ငွေကြေးခဝါချခြင်းတို့ဖြစ်နိုင်သဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ပြောသည်။

အာဂျင်တီးနားနိုင်ငံတွင်လည်း အမေရိကန်ပြည်ထောင်စုက အလိုရှိသော နိုင်ငံတွင်းမှ စီးပွားရေးလုပ်ငန်းရှင် သုံးဦးအား ဖမ်းဆီးရန် တရားသူကြီးတစ်ဦးက ဝရမ်းထုတ်ထားပြီးဖြစ်သည်။

ကော်စတာရီကာနိုင်ငံတွင်လည်း ကော်စတာရီကာ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အက်ဒွါဒိုလီအပေါ် အမေရိကန်ပြည်ထောင်စုက စွပ်စွဲထားခြင်းအား စုံစမ်းစစ်ဆေးလျက်ရှိသည်။

မေ ၂၇ ရက်က ဘရာဇီးအထက်လွှတ်တော်အမတ်ဖြစ်သော ကမ္ဘာကျော်ဘောလုံးသမားဟောင်း ရိုမာရီယို**(ယာပုံ)**က ဖီဖာပြဿနာများကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တရားဝင်တင်ပြခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

# တရုတ်အကောက်ခွန်က သားရိုင်းတိရစ္ဆာန် တရားမဝင် မှောင်ခိုကူးမှုနှိမ်နင်းရေးတွင် ဆင်စွယ်များ သိမ်းဆည်းရမိ

**ဟန်ကျိုး မေ ၂၉**

တရုတ်နိုင်ငံအရှေ့ပိုင်းမှ အကောက်ခွန်တာဝန်ရှိသူများက ၂၀၁၄ ခုနှစ် ဇွန်လမှစပြီး မျိုးသုဉ်းပျောက်ကွယ်တော့မည့် ရှားပါးတိရစ္ဆာန်များ မှောင်ခိုရောင်းဝယ်ရေးကို လိုက်လံနှိမ်နင်းခဲ့ရာ ဆင်စွယ် ၂၇၀ ကီလိုထက်မနည်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် မိသားစုအမည် 'ဝမ်' ဆိုသူ အမျိုးသမီးတစ်ဦး၏ ခရီးဆောင်အိတ်အတွင်း ဝိုင်ပုလင်းများနှင့် ချောကလက်ဘူးများအကြား ထုပ်ပိုးထားသည့် ဆင်စွယ် ၈ ဒသမ ၆၈ ကီလိုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ကျယ်ကျန့်ပြည်နယ် ဟန်ကျိုးမြို့တော်မှ ဟန်ကျိုးအကောက်ခွန်ဌာနက ပြောကြားသည်။ ဝမ်၏ ကွန်ပျူတာတွင် နောက်ပိုင်းတွေ့ရှိခဲ့သည့် မှတ်တမ်းများအရ အဆိုပါ အမျိုးသမီးသည် ဆင်စွယ် ၂၂၀ ကီလိုကျော်နှင့် ကြံ့ချိုကိုးကီလိုကို မှောင်ခိုကူးခဲ့ကြောင်း သိရသည်။

အခြားသီးခြားအမှုတစ်ခုတွင် ကျယ်ကျန့်ပြည်နယ် နင်ဘိုမြို့တော်မှ စုံတွဲတစ်တွဲမှာ ဆင်စွယ် ကီလို ၅၀ ထက်မနည်း မှောင်ခိုကူးခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ဟန်ကျိုးအကောက်ခွန်ဌာနမှ တာဝန်ရှိသူ ကျောင်ကျီပင်းက ၎င်းတို့သည် သားရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ မှောင်ခိုကူးမှုကို ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ တရုတ်နိုင်ငံသည် တရားမဝင် သားရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်၍ နှိမ်နင်းရန်ကြိုးပမ်းအားထုတ်မှုကို အရှိန်မြှင့်တင်လျက်ရှိသည်။ မေ ၂၉ ရက်က တရုတ်အစိုးရသည် ပေကျင်းမြို့တော်၌ ဖမ်းဆီးထားသည့် ဆင်စွယ် ၆၆၂ ကီလိုကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

# အိန္ဒိယတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် သေဆုံးသူဦးရေ ၁၇၀၀ ထိ မြင့်တက်

**နယူးဒေလီ မေ ၂၉**

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သောရက်သတ္တပတ်ကာလအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် သေဆုံးသူဦးရေမှာ ၁၇၀၀ ထိမြင့်တက်လာခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၉ ရက်တွင် ပြောကြားသည်။

သေဆုံးသူအများစုမှာ အိမ်ခြေမဲ့သူများနှင့် အလုပ်သမားများဖြစ်ပြီး အန်ဒရာပရာဒေ့ရှ်ပြည်နယ်နှင့် အီလန်ဂါနာပြည်နယ်တို့မှ ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းပြည်နယ်နှစ်ခု၏ အပူချိန်မှာ ၄၇ ဒီဂရီဆဲစီးရပ်စ်ခန့်ထိရှိပြီး မြို့တော်နယူးဒေလီတွင် ၄၅ ဒီဂရီ ဆဲစီးရပ်စ်ခန့်ရှိသည်ဟု မိုးလေဝသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ အပူလှိုင်းသည် မေ ၃၁ ရက်ထိ ဆက်လက်ဖြတ်သန်းမည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက နေပူရှိန်ပြင်းသည့် အချိန်များတွင် အပြင်သို့မထွက်ကြရန်နှင့် အပြင်သို့မထွက်ခွာမီ ရေများများသောက်ရန်တိုက်တွန်းထားကြောင်း သိရသည်။ **ဆင်ဟွာ။**

# နယူးဒေလီရှိ နိုင်ငံတကာလေဆိပ်၌ ရေဒီယိုသတ္တိကြွပစ္စည်းယိုစိမ့်မှုဖြစ်ပွား

**နယူးဒေလီ မေ ၂၉**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အင်ဒီရာဂန္ဒီ နိုင်ငံတကာလေဆိပ်၌ မေ ၂၉ ရက်က ရေဒီယိုသတ္တိကြွပစ္စည်းယိုစိမ့်မှုဖြစ်ပွားကြောင်း၊ သို့ရာတွင် အခြေအနေကို ထိန်းချုပ်နိုင်ပြီး တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း အစိုးရတာဝန်ရှိသူများနှင့် လေဆိပ် တာဝန်ရှိသူများက ပြောကြားကြသည်။

အဏုမြူဆေးဝါးအဖြစ် အသုံးပြုနိုင်သော ရေဒီယိုသတ္တိကြွအရည်တစ်မျိုးဖြစ်သည့် ဆိုဒီယမ် အိုင်အိုဒိုက် ၁၃၁ ပါဝင်သော ကုန်သေတ္တာတစ်လုံး လေဆိပ်ကုန်တင်စခန်း၌ ရှိနေစဉ် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည်။

တူရကီ လေကြောင်းဌာနပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းပေါ်၌ ရေဒီယိုသတ္တိကြွအရည်ပါရှိသည့် ကုန်သေတ္တာရှိနေခဲ့ကြောင်း၊ ရေဒီယိုသတ္တိကြွပစ္စည်း ယိုစိမ့်မှုဖြစ်ပွားသော်လည်း ခရီးသည်များ နားနေဆောင်နှင့် ဝေးကွာခြင်းကြောင့် မည်သည့်ခရီးသည်ကိုမျှ ဘေးအန္တရာယ်ကျရောက်မှုမရှိကြောင်း လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ဒေလီနိုင်ငံတကာလေဆိပ်လီမိတက်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ရေဒီယိုသတ္တိကြွပစ္စည်း၏ ဓာတ်ရောင်ခြည် လှုပ်ရှားမှုမှာ နည်းပါးလှပြီး လူတို့အပေါ် ဘေးဥပဒ်မကျရောက်နိုင်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ဆိုဒီယမ် အိုင်အိုဒိုက် ၁၃၁ ကို လည်ပင်းကြီးကင်ဆာရောဂါကုသရာ၌ အသုံးပြုသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တူရကီလေကြောင်းဌာနက ဝေဖန်ပြောကြားခြင်းမရှိပေ။ **ရိုက်တာ။**

# တရုတ်က တောင်တရုတ်ပင်လယ်ကျွန်းတုများပေါ်တွင် အမြောက်လက်နက်များချထားဟုဆို



**စင်ကာပူ မေ ၂၉**

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း တည်ဆောက်ထားသော ကျွန်းတုပေါ်၌ ရွေ့ပြောင်းနိုင်သော အမြောက်စနစ်များကို ဖြန့်ကြက်ထားကြောင်း အမေရိကန်ပြည်ထောင်စုက ယနေ့ပြောကြားသည်။

ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ယင်းသို့ လုပ်ဆောင်ခြင်းသည် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသကဲ့သို့ တင်းမာမှုများလည်း ပိုမိုပြင်းထန်လာစေမည်ဖြစ်သည်ဟု ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ဘီနှင့်အတူ ခရီးလိုက်ပါလာသော ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဘရင့်ကိုလ်းဆန်းက အမေရိကန်ပြည်ထောင်စုသည် ယင်းလက်နက်ကိစ္စကို အလေးအနက်ထားကြောင်းပြောကြားသည်။

အမေရိကန်အထက်လွှတ်တော် လက်နက်ကိုင်ကော်မတီဥက္ကဋ္ဌ မက်ကိန်းက ထိုလုပ်ရပ်သည် တင်းမာမှုကို အရှိန်ပြင်းထန်စေမည်ဖြစ်သော်လည်း ပဋိပက္ခသို့ ဦးတည်ခြင်းမရှိဟုဆိုသည်။

ပေကျင်းတွင်မူ တရုတ်နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်က ထိုလက်နက်ကိစ္စသတင်းကို မရရှိကြောင်း ပြောကြားသည်။ ယခုနှစ်တွင် ဧက ၁၅၀၀၀ အပါအဝင် တောင်တရုတ်ပင်လယ်အတွင်းမှ သဘာဝအရင်းအမြစ်များကြွယ်ဝသည့် စပရက်တလီကျွန်းစုပေါ်တွင် ကင်းစခန်းငါးခုအတွက် ဧက ၂၀၀၀ ခန့် ဖော်ထုတ်ရန် သောင်တူးသောလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ဟု အမေရိကန်တာဝန်ရှိသူများကပြောကြားသည်။

လေယာဉ်ပြေးလမ်းများ၊ ဆိပ်ကမ်းများပါရှိသောကျွန်းတုကို တည်ဆောက်နေသည့် သောင်တူးသင်္ဘောများ၊ သင်္ဘောများကို အမေရိကန်ထောက်လှမ်းရေးလေယာဉ်က ဓာတ်ပုံရိုက်၍ ထုတ်လွှင့်ပြသခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးက တောင်တရုတ်ပင်လယ်အတွင်း ကျွန်းစုများတည်ဆောက်ခြင်းကိုရပ်တန့်ရန် တရုတ်နိုင်ငံအား မေ ၂၇ ရက်တွင် တောင်းဆိုခဲ့သည်။

စင်ကာပူနိုင်ငံ ရှန်ဂရီလာလုံခြုံရေးညီလာခံ၌ စနေနေ့တွင် ၎င်းက မိန့်ခွန်းပြောကြားမည်ဖြစ်ရာ ရေကြောင်းလုံခြုံရေးနှင့် လွတ်လပ်စွာရေကြောင်းသွားလာရေးပြဿနာများကို ထည့်သွင်းပြောကြားမည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# ရန်ကုန်စာတိုက်ကြီးတွင် YHT ၏ ပဉ္စမမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် မေ ၂၉**

ရန်ကုန်မြို့ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်တွင်ရှိသော မြို့ပြအမွေအနှစ် အဆောက်အအုံတစ်ခုဖြစ်သည့် ရန်ကုန်စာတိုက်ကြီးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများစာရင်းဝင် အဆောက်အအုံတစ်လုံးအဖြစ် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) က သတ်မှတ်ကာ အပြာရောင်ကမ္ပည်းပြားကို ယနေ့နံနက်ပိုင်းက တပ်ဆင်ခဲ့သည်။

၎င်းကမ္ပည်းပြားမှာ ရန်ကုန်မြို့တွင် ပဉ္စမမြောက် တပ်ဆင်သော အပြာရောင်ကမ္ပည်းပြားဖြစ်ပြီး ယခင်က ရန်ကုန်မြို့တော်ခန်းမ၊ ဧရာဝတီဘဏ် (ယခင်ရိုးကုန်တိုက်)၊ အာမေးနီးယန်းဘုရားကျောင်းနှင့် ဗဟိုမီးသတ်စခန်းတို့တွင် တပ်ဆင်ခဲ့ပြီးဖြစ်သည်။

ဗိသုကာအမွေအနှစ်လက်ရာကောင်းတစ်ခုဖြစ်သကဲ့သို့ ဂေါ့သ်လက်ရာ ပြတင်းပေါက်များ၊ လှပစွာတန်ဆာဆင်ထားသော ဆင်ဝင်ကြီးနှင့် အဝင်ခန်းမတစ်ဖက်တစ်ချက်တွင် သံလှေကားကြီးနှစ်ခုထည့်သွင်းတည်ဆောက်ထားသော ကြက်သွေးရင့်ရောင် အဆောက်အအုံသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့် အဆောက်အအုံတစ်ခုလည်း ဖြစ်သည်။

အဆိုပါ စာတိုက်ကြီး အပြာရောင်ကမ္ပည်းပြားကပ်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် တက်ရောက်ခဲ့ပြီး "YHT ခေါ်တဲ့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရဲ့ ဦးဆောင်ချက်တွေနဲ့ မြို့ပြဖွံ့ဖြိုးတက်မှုရလာတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း (၂၀)လောက်က စနစ်မကျလို့ မြို့ပြစီမံကိန်းမရှိခဲ့လို့ တချို့ရှေးဟောင်း အဆောက်အအုံတွေဟာ စနစ်မကျလို့ ပန်းခြံတွေ ပျောက်ကွယ်သွားတာရှိတယ်။ အားကစားကွင်းတွေ ပျောက်သွားတာ ရှိတယ်။ သမ္မတကြီးလက်ထက်မှာတော့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျစီမံချက်ဆွဲပြီး လုပ်တဲ့အခါမှာ မြို့ရဲ့ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းခြင်းဟာလည်း လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ရှေးဟောင်းအမွေအနှစ်အဆောက်အုံတွေအပြင် စနစ်ကျတဲ့ မြို့ပြစီမံကိန်းရှိခြင်းအားဖြင့် ပြည်သူတွေဟာ အပန်းဖြေဖို့နေရာတွေပိုများလာမယ်။ ကိုယ့်ရဲ့မြို့ပြရဲ့ ဇစ်မြစ်တွေကိုနားလည်လာမယ်။ အရှေ့တောင်အာရှမြို့တော်တွေကို သွားကြည့်လိုက်ရင် အထပ်မြင့်အဆောက်အအုံတွေပဲကျန်ခဲ့တယ်။ ရှေးဟောင်းအမွေအနှစ်တွေရှိတဲ့မြို့တော်ဆိုတာ မရှိတော့ဘူး။သူတို့တွေဟာ နောက်ပိုင်းကျမှ ဒီရှေးဟောင်းအမွေအနှစ် တန်ဖိုးတွေကိုသိလာလို့ လိုက်ပြီးထိန်းသိမ်းလာကြတာ။ ဒါမျိုးတွေကိုတန်ဖိုးထားရမှာ။ နိုင်ငံခြားခရီးသွားတွေကိုလည်း ဆွဲဆောင်မှုရှိစေပါတယ်။ အသုံးချတဲ့အခါမှာလည်း အများပြည်သူနဲ့ဆိုင်တဲ့ဟာဆိုရင် အသုံးချမယ်။ စီးပွားဖြစ် အသုံးမချရဘူး။ public အဆောက်အအုံဖြစ်အောင် အားလုံး ဝိုင်းဝန်းဆောင်ရွက်ရမှာပါ။ ကျွန်တော်တို့ဘက်က တတ်နိုင်သမျှလည်း ကူညီပေးသွားမှာပါ" ဟုပြောသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက အဆိုပါစာတိုက်ကြီးသည် ရန်ကုန်မြို့၏ အထင်ကရပြယုဂ်တစ်ခုနှင့် မြန်မာနိုင်ငံကို ပြင်ပကမ္ဘာနှင့် ချိတ်ဆက်ပေးရာလည်းဖြစ်ခဲ့ပြီး ကမ္ဘာအရပ်ရပ်မှ လူအများနှင့်သတင်းအချက်အလက်များ ဖလှယ်ရာလည်းဖြစ်ခဲ့ကြောင်း "စာတိုက်ကြီးကို ယနေ့ဒစ်ဂျစ်တယ်ခေတ်သစ်နဲ့ ဆက်နွှယ်တဲ့လုပ်ငန်းတွေနဲ့ ပြန်လည်အသက်ဝင်လာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

ထိုသို့ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းသည် ရန်ကုန်မြို့ပြသမိုင်းကြောင်းတွင် အရေးပါခဲ့သော အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုရန် ရည်ရွယ်ပြီး ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က လုပ်ဆောင်နေသော စီမံချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ယခုကဲ့သို့ အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းဖြင့် ရန်ကုန်မြို့၏သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများလေ့လာနိုင်မည်ဟု အဖွဲ့က ယုံကြည်သည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် ရန်ကုန်စာတိုက်ကြီး၏ အပြာရောင်ကမ္ပည်းမော်ကွန်းပြားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (ဇော်မင်းလတ်)

ရန်ကုန်မြို့နေပြည်သူလူထုကမိမိတို့နေထိုင်ရာပတ်ဝန်းကျင်ပေါ်တွင် မည်သည့်အရာများကို တန်ဖိုးထားသည်ကိုတိုက်ရိုက်ထိတွေ့လေ့လာသည့် စီမံချက်တစ်ခုကို အကောင်အထည်ဖော်နိုင်ရန် ရန်ကုန်မြို့အနှံ့ရှိ သမိုင်းဝင်နေရာများအား လေ့လာခြင်း၊ ကမ္ပည်းပြားများထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းတို့အတွက် Royal Philips က အမေရိကန်ဒေါ်လာ ၇၅၀၀၀ ကို ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် စတင်ထူထောင်ခဲ့သော ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ Yangon Heritage Trust - YHT သည် ရန်ကုန်မြို့၏ မြို့ပြ အမွေအနှစ်များအား ခြုံငုံပြီး စီမံခန့်ခွဲသည့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးကို အားပေးသည်။ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီညီ ပေါင်းစည်းနိုင်ပါက ရန်ကုန်သည် အာရှတွင် အလှပဆုံးနှင့် နေချင့်စဖွယ်အကောင်းဆုံးမြို့တစ်မြို့ဖြစ်လာမည်ဟုယုံကြည်ပါသည်။ ထို့ကြောင့် အဖွဲ့အနေဖြင့် မြို့အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် အကြံပေးခြင်းနှင့် သင်တန်းများ၊ အများပြည်သူကို အသိပညာပေးခြင်းများစသည်တို့ကိုဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့မှ သိရသည်။

**(သန့်ဇင်ဝင်း)**

# အင်ဒိုနီးရှားနိုင်ငံမှ တတိယအကြိမ်မြောက် ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သား ၁၂၉ ဦးအား ငွေကျပ်တစ်သိန်းစီထောက်ပံ့

**နေပြည်တော် မေ ၂၉**

အင်ဒိုနီးရှားနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာရေလုပ်သား ၅၃၅ ဦး အနက် ၁၂၉ ဦးအား တတိယအကြိမ်မြောက် သွားရောက်ခေါ်ဆောင်ခဲ့ရာ မေ ၂၈ ရက် ညနေ ၆နာရီ ၅၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများက ပူးပေါင်းကြိုဆိုခဲ့ကြသည်။

အဆိုပါရေလုပ်သား ၁၂၉ ဦးတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့် လူမှုဝန်ထမ်းတိုင်းဦးစီးမှူး ဦးတင်ဇော်မိုးတို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ မြန်မာရေလုပ်သား တစ်ဦးစီအတွက် ကူညီထောက်ပံ့သည့် ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်း ကျပ် ၁၂၉သိန်းကိုလည်းကောင်း၊ ကမ္ဘောဇ လေကြောင်းလိုင်းမှ ငွေကျပ် ငါးသောင်းစီ၊ အင်္ကျီတစ်ထည်စီနှင့် ဦးထုပ်တစ်လုံးစီကိုလည်းကောင်း၊ IOM (မြန်မာ)မှ စားစရိတ်ကုန်ကျငွေကျပ်သိန်း၅၀၊ တစ်ဦးစီအတွက် ငွေကျပ်တစ်သောင်းစီ၊ မိုးကာအင်္ကျီတစ်ထည်စီ၊ ဖုန်း Sim Card တစ်ကတ်စီနှင့် လက်ကိုင်ဖုန်းမရှိသူများအားလက်ကိုင်ဖုန်း တစ်လုံးစီကိုလည်းကောင်း၊ IOM (အင်ဒိုနီးရှား)မှ အင်္ကျီနှစ်ထည်နှင့် ဘောင်းဘီ တစ်ထည်စီကိုလည်းကောင်း အခမ်းအနားဖြင့် ထောက်ပံ့ပေးအပ်သည်။



အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် လူကုန်ကူးခံရသူတစ်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ထောက်ပံ့ငွေကျပ် တစ်သိန်းပေးအပ်စဉ်။

ပြန်လည်ရောက်ရှိလာသော ရေလုပ်သား ၁၂၉ ဦးသည် မွန်ပြည်နယ်မှ ၄၃ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၈ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ရှစ်ဦးစီ၊ ရခိုင်ပြည်နယ်မှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ နှစ်ဦးစီတို့ ဖြစ်ကြောင်း သိရသည်။

မြန်မာရေလုပ်သားများအား အစိုးရ၏ အစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခြင်းဖြစ်ရာ မေ ၁၄ ရက်က ပထမအကြိမ် မြန်မာရေလုပ်သား ၁၂၅ ဦး၊ မေ ၁၇ ရက်နေ့က ဒုတိယအကြိမ် ၁၂၈ ဦး ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ယခုတတိယအကြိမ် ၁၂၉ ဦး ပြန်လည် ခေါ်ဆောင်ခြင်းဖြစ်သည်။

သွားရောက်ခေါ်ယူရန် ကျန်ရှိနေသော မြန်မာရေလုပ်သား ၁၁၈ဦးအား ဇွန် ၅ ရက်တွင် နောက်ဆုံး အကြိမ် သွားရောက်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အင်ဒိုနီးရှားမှ ပြန်လည်ရောက်ရှိလာသော ပဲခူးတိုင်းဒေသကြီးမှ မြန်မာရေလုပ်သားများအား မိဘရပ်ထံ ပြန်လည်အပ်နှံ

**ပဲခူး မေ ၂၉**

အင်ဒိုနီးရှားနိုင်ငံ ကျွန်းများပေါ်မှ ပြန်လည်ရောက်ရှိလာသော ပဲခူးတိုင်းဒေသကြီး (အရှေ့)မှ မြန်မာရေလုပ်သား ၁၀ ဦးအား မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက မိဘရပ်ထံပြန်လည် ပေးပို့အပ်နှံကြသည်။

တတိယအသုတ်အဖြစ် ပြန်လည်ရောက်ရှိလာသော ပဲခူးတိုင်းဒေသကြီး(အရှေ့)မှ မြန်မာရေလုပ်သား ၁၀ ဦးအား ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးဝင်းနှင့် အမှတ်(၃) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(ပဲခူး)မှ ရဲအုပ်မင်းဇော်ဦး ဦးဆောင်သောအဖွဲ့တို့သည် ရန်ကုန် လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ မော်တော်ယာဉ်ဖြင့် သွားရောက်ခေါ်ဆောင်လာပြီး မြန်မာရေလုပ်သားများအား အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(ပဲခူး)ရုံး၌ လိုအပ်သော အချက်အလက်များမေးမြန်းခြင်း၊ ကျန်းမာရေးဌာနမှ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးပြီး မိဘရပ်ထံ ပြန်လည်၍ ပေးပို့အပ်နှံကြသည်။

တတိယအသုတ်တွင် ပဲခူးတိုင်းဒေသကြီး(အရှေ့) ပဲခူးမြို့နယ်မှ တစ်ဦး၊ သနပ်ပင်မြို့နယ်မှ နှစ်ဦး၊ ကဝမြို့နယ်မှ နှစ်ဦး၊ ဝေါမြို့နယ်မှ တစ်ဦး၊ ညောင်လေးပင်မြို့နယ်မှ တစ်ဦး၊ ရေတာရှည်မြို့နယ်မှ တစ်ဦး၊ တောင်ငူမြို့နယ်မှ တစ်ဦး၊ ဖြူးမြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး (အနောက်) လက်ပံတန်းမြို့နယ်မှ သုံးဦး၊ အုတ်ဖိုမြို့နယ်မှ တစ်ဦး၊ ဇီးကုန်းမြို့နယ်မှ တစ်ဦး စုစုပေါင်း ပဲခူးတိုင်းဒေသကြီး(အရှေ့)မှ ၁၀ ဦး၊ (အနောက်)မှ ငါးဦးဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးမှ အင်ဒိုနီးရှားနိုင်ငံ ကျွန်းများပေါ်သို့သွားရောက်လုပ်ကိုင်နေသော မြန်မာရေလုပ်သားများအနက် ပထမအသုတ်တွင် ပဲခူးတိုင်းဒေသကြီး(အရှေ့)မှ ၁၁ ဦး၊ (အနောက်)မှ ရှစ်ဦး၊ ဒုတိယအသုတ်တွင် (အရှေ့)မှ၁၁ဦး၊(အနောက်)မှ နှစ်ဦး၊ တတိယအသုတ်တွင် (အရှေ့)မှ ၁၀ ဦး၊ (အနောက်)မှ ငါးဦး စုစုပေါင်း၄၇ ဦးအား မိဘရပ်ထံ ပြန်လည်ပေးပို့အပ်နှံပြီးဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

စပါးကောက်ရိုး အမြန်ဝယ်သည်
စပါးကောက်ရိုးသန့်သန့် အမြဲတမ်းဝယ်သည်။
ဈေးကောင်းပေးမည်။
အမြန်ဆက်သွယ်ရန်-
ဖုန်း=၀၉ ၆၂၀၀ ၉၀၉၈၀
၀၁-၃၇၉ ၇၀၇

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ကတ်သုတ်ကြေးနီ(၄၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

ကြမ်းခင်းဈေး -တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး

တင်ဒါပိတ်ရက်နှင့်အချိန် -၂၅-၆-၂၀၁၅ရက် (၁၆း၀၀)နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၁၂၊ ၀၆၇-၄၀၉၃၈၃ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊သတ္တုတွင်းဝန်ကြီးဌာန

ပြည်တွင်းရေးရာ

# မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ဒေသတွင်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**ဗန်ကောက် မေ ၂၉**

ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ဒေသတွင်း အထူးအစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ANANTARA ဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့သည်။**(ယာပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

အဆိုပါ ဒေသတွင်းဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာနာဆတ် ပါတီမာပရာဂွန်နှင့်တာဝန်ရှိသူများ၊ ဘင်္ဂလားဒေ့ရှ်၊မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ကမ္ဘောဒီးယား နိုင်ငံများအပါအဝင် စုစုပေါင်း ၁၇ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ၊ လေ့လာသူများ အဖြစ် အမေရိကန်၊ ဆွစ်ဇာလန်နှင့်ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရှာဖွေကယ်ဆယ်ရေးသည် အရေးကြီးကြောင်း၊ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုကို တိုက်ဖျက်ရန်လိုအပ်ကြောင်း၊ ပင်လယ်တွင်းပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ၏ အကြောင်းရင်းကို ရှာဖွေရန်လိုကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတကာရွှေ့ပြောင်းသူများဆိုင်ရာ အဖွဲ့အစည်း (IOM)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UN-HCR)တို့မှကိုယ်စားလှယ်များ၊ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ တာဝန်ရှိသူများက အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းက မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ရှင်းလင်းပြောကြားရာတွင် ပင်လယ်ပြင်တွင်း လှေစီးဒုက္ခသည်များ မျောပါနေသည့်သတင်းများ ပေါ်ထွက်လာပြီးနောက် လှေစီးဒုက္ခသည်များအရေးကို နိုင်ငံတကာနှင့်ထပ်တူ မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မှုရှိကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း စသည်ဖြင့်အရေးကြီးသည့် အချက်များ ပါဝင်သော သတင်းထုတ်ပြန်ချက်ကို ယခုလ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း၊ မေ ၂၀ ရက်တွင်ထုတ်ပြန်ခဲ့သည့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၏ ပူးတွဲထုတ်ပြန်ချက်ကိုလည်း မြန်မာနိုင်ငံက ကြိုဆိုကြောင်း၊ မေ ၂၁ ရက်တွင် မလေးရှားနှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြောင်း၊ မေ ၂၂ ရက်တွင် ဒုတိယသမ္မတဦးဉာဏ်ထွန်း ဦးဆောင်သည့် ပင်လယ်ပြင်အတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်း၍ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုများ တားဆီးရေးအတွက် ထိရောက်စွာဆောင်ရွက်သွားရန်နှင့် ပင်လယ်ပြင်အတွင်း ဒုက္ခသည်များအား ရှာဖွေကယ်ဆယ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၏ နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့လည်း တက်ရောက်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအသိုက်အဝန်းဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။




ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်သော နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ လေ့လာသူအဖြစ် တက်ရောက်လာကြသည့် အမေရိကန်၊ ဆွစ်ဇာလန်နှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များက လှေစီးဒုက္ခသည်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မှတ်တမ်းအကျဉ်းချုပ်ကို သဘောတူညီခဲ့ပြီး လှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ ဆိုက်ရောက်ရာနိုင်ငံများတွင် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်နိုင်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် အရင်းအမြစ်များ စုစည်းရေး၊ လူကုန်ကူးမှုဆိုင်ရာ တည်ဆဲအစီအမံများအတွင်းမှ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေး စသည့်အချက်အလက်များပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**လူကုန်ကူးမှု ကာကွယ်ရေး ပူးပေါင်းကူညီ ဆောင်ရွက်ပေး**

---

## လူမှောင်ခိုတရားခံ ထိုင်းနိုင်ငံသား စက်လှေပိုင်ရှင်အား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**



ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာ အနောက်ဘက် မြန်မာ့ရေပိုင်နက်အတွင်း ဘင်္ဂါလီလူမျိုး ၂၀၈ ဦးပါ လူမှောင်ခိုစက်လှေအား မေ ၂၁ ရက်တွင် တပ်မတော်ရေယာဉ်က တွေ့ရှိသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး စက်လှေလုပ်သား ၁၇ ဦး၊ စကားပြန်သုံးဦးတို့အား စစ်ဆေးချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဘင်္ဂါလီလူမျိုးများ တင်ဆောင်ထားသည့် စက်လှေပိုင်ရှင်မှာ ထိုင်းနိုင်ငံသား အုမင့်(ခ)ဖိမင့်(ခ)စိုးဝင်း(ခ)နိုင်နုတ်ဖထွန်စံတွန်**(အပေါ်ပုံ)**ဖြစ်ပြီး အမှတ်(၂၄၆) မိုဆောင်လမ်း ဘန္ဓန်းရပ်ကွက် ရနောင်းမြို့ ထိုင်းနိုင်ငံတွင် နေထိုင်သူဖြစ်ကြောင်း၊ ၎င်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူမှောင်ခိုများနှင့်ချိတ်ဆက်၍ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ လူမှောင်ခိုပို့ဆောင်နေသူဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားနိုင်ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

အဆိုပါတရားခံအား ဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့နှင့်ချိတ်ဆက်၍ သတင်းဆက်စပ်ဖော်ထုတ်ပြီး မေ ၂၉ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ရပ်ကွက် လေးထောင့်ကန်လမ်းဆုံရှိ မဟာနွယ်လက်ဖက်ရည်ဆိုင်၌ လူမှောင်ခိုတရားခံ အုမင့်(ခ)ဖိမင့်(ခ) စိုးဝင်း(ခ)နိုင်နုတ်ဖထွန်စံတွန် (၅၃)နှစ်အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် လူမှောင်ခိုဖြစ်စဉ် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ကိုယ့်နိုင်ငံကယဉ်ကျေးမှုကို ပြသခွင့်ရတဲ့အပြင် တခြားနိုင်ငံက ယဉ်ကျေးမှုတွေကိုလည်း သိခွင့်ရ

**မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပသည့် နိုင်ငံတကာဖျော်ဖြေပွဲကြီးဖြစ်သော ABU Radio Song Festival 2015 ပွဲကို မေ ၂၉ ရက် ညနေ ၆ မှစတင်ကာ အမျိုးသားပြဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ အဆိုပါပွဲတွင် ပါဝင်သီဆိုမည့် အဆိုတော်များတွေ့ဆုံခိုက် ယင်းတို့၏ ပီတိစကားများကို တေးချစ်ပရိသတ်များအတွက် မေးမြန်းခဲ့ပါသည်။**

ကျွန်တော်က တောင်ကိုရီးယားက လာတာပါ။ ကျွန်တော့်နာမည်က Jaewon-Jung ပါ။ ဒီနေ့ပွဲမှာ ကျွန်တော်ကိုယ်တိုင် ရေးစပ်ထားတဲ့ သီချင်းတစ်ပုဒ်ဆိုမှာပါ။ ဒီသီချင်းက ကိုရီးယားရဲ့ သဘာဝတောတောင်အလှတွေအပြင် ပင်လယ်ရဲ့ အသံလေးတွေ ပါဝင်နေတဲ့ သီချင်းမျိုးကို ကိုယ်တိုင်တီးခတ်သီဆိုသွားမှာပါ။ ဒီပွဲကိုလာရတာ အလွန်စိတ်လှုပ်ရှားနေပါတယ်။ ရာသီဥတုပူတယ်ဆိုပေမယ့် ကိုရီးယားမှာလည်းပူတဲ့ရာသီချိန်တွေ ရှိတဲ့အတွက် ကျွန်တော့်အတွက် အပမ်းမကြီးပါဘူး။ ဒီပွဲကိုလာရတဲ့အတွက်လည်း အလွန်ကို ဝမ်းသာမိပါတယ်။


ကျွန်တော်က မော်လဒိုက်ကလာတာပါ။ ကျွန်တော့်နာမည်က Hardio ပါ။ ကျွန်တော်တို့ သုံးယောက်လာတာပါ။ ကျွန်တော်ကိုယ်တိုင် ရေးစပ်ထားတဲ့ Popသီချင်းကို ကိုယ်တိုင်သီဆိုမှာပါ။ ဒီပွဲကို လာရတဲ့အတွက် အလွန်ကို ဝမ်းသာမိပါတယ်။ အလွန်ကောင်းတဲ့ ပွဲတစ်ပွဲပါ။

ကျွန်မနာမည်က Dirh Thi Thanh Le ပါ။ ဗီယက်နမ်ကလာတာပါ။ ဒီပွဲကို လာရတဲ့အတွက် အလွန်လည်း ဂုဏ်ယူမိသလို ပျော်လည်းပျော်ပါတယ်။ မြန်မာနိုင်ငံကို ရောက်တော့ မြန်မာနိုင်ငံက အလှအပတွေ၊ ယဉ်ကျေးမှုတွေ အများကြီးကို တွေ့မြင်ရတဲ့အပြင် မြန်မာနိုင်ငံကလူတွေက ချစ်ဖို့ကောင်းပါတယ်။ ဒီပွဲမှာ ကျွန်မအတွက် အတွေ့အကြုံတွေ အများကြီးရပါတယ်။ ကိုယ့်နိုင်ငံကယဉ်ကျေးမှုကို ပြသခွင့်ရတဲ့အပြင် တခြားနိုင်ငံက ယဉ်ကျေးမှုတွေကိုလည်း သိခွင့်ရသလို သူငယ်ချင်းတွေလည်း အများကြီးရပါတယ်။ အလွန်ကိုပျော်မိပါတယ်။

တေးသံရှင်ဇော်ပိုင်က ပျော်စရာကြီးပါ။ ဒီပွဲက ကျွန်တော်တို့မြန်မာနိုင်ငံကော၊ ဧည့်သည် ၁၂ နိုင်ငံကော Radio Song Festival မြန်မာနိုင်ငံမှာ ပထမဆုံးလုပ်တဲ့ပွဲပါ။ ဒီပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် ဗဟုသုတတွေအများကြီးလည်း ရပါတယ်။ အလွန်လည်းပျော်ရွှင်ရပါတယ်ဟု ဆိုသည်။

တေးသံရှင် နီနီခင်ဇော်က ဒီနေ့မှာလည်းသူတို့ယဉ်ကျေးမှု အပါအဝင် သူတို့သီချင်းတွေ ပျော်ပျော်ပါးပါးကြီး ဆိုမှာ။ နီနီကလည်း ဆရာအောင်နိုင်စန်းရေးထားတဲ့ လက်တီးနိုး အင်္ဂလိပ်သီချင်းလေးဆိုမှာပါ။ အဲဒါကိုပဲ နီနီက မြန်မာဝတ်စုံနဲ့ဆိုမှာပါ။ ကြည့်ရတာ တစ်မျိုးတော့ဖြစ်နေပေမယ့် ကိုယ့်ရဲ့နိုင်ငံ ကိုယ်စားပြုဆိုရတဲ့အတွက် ဒီလိုမျိုးမြန်မာဝတ်စုံကို မြတ်မြတ်နိုးနိုးဝတ်ဆင်ရခြင်းဖြစ်ပါတယ်။ တခြားနိုင်ငံတကာက လာရောက်သီဆိုတဲ့အခါမှာ ကိုယ်ကမြန်မာနိုင်ငံက အဆိုတော်တစ်ယောက်အနေနဲ့ တက်ရောက်ရတဲ့အတွက် အလွန်ကို ဝမ်းသာမိပါတယ်ဟု ပြောပြသည်။


Jaewon-Jung


Hardio


Dirh Thi Thanh Le


တေးသံရှင်ဇော်ပိုင်


တေးသံရှင် နီနီခင်ဇော်

တွေ့ဆုံမေးမြန်း-ခင်ဇာလီ
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ပြည်တွင်းရေးရာ

# နိုင်ငံတော်အတွင်း စစ်မှန်သောငြိမ်းချမ်းရေးရရှိစေရေးအတွက် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော်  မေ  ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုလွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုနှစ်အတွင်းကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးနှင့် တည်ငြိမ်အေးချမ်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားအတွက်ဖြစ်ပါက နိုင်ငံရေးပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အတွင်း စစ်မှန်သော ငြိမ်းချမ်းရေးရရှိစေရေးအတွက် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များက ဆွေးနွေးတင်ပြကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများဖြစ်ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရခိုင်အမျိုးသားပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ-ကချင်ပြည်နယ်(စဒက)၊ တအာင်း(ပလောင်)အမျိုးသားပါတီ၊ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၏ အသစ်ဖြည့်စွက်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော်  မေ  ၂၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင်ကျင်းပရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်ကို အလေးအနက်စဉ်းစားပြီး အတည်ပြုပေးရန် လိုအပ်ပါကြောင်း၊ မပြောင်းလဲ အတည်မပြုဘဲ ချန်လှပ်ထားမည်ဆိုပါက မူရင်းဥပဒေအတိုင်း အကြီးစားလုပ်ငန်းရှင်သူဌေးများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးသကဲ့သို့ ဖြစ်နေပါကြောင်း၊ တစ်နည်းအားဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းများကို အကြီးစားမဖြစ်ရန် ပိတ်ပင်တားမြစ်သည့် ဥပဒေသာ ဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်ကို အခြေခံလူတန်းစားများကိုယ်စား အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးသည်။



**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ။**



**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးမင်းလွန်းအောင်။**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်။**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးမင်းလွန်းအောင်က မိမိတို့နိုင်ငံရှိ အခြေခံလူတန်းစား အရင်းအနှီးနည်းပါးသူများ လုပ်ကိုင်ကြမည့် အသေးစား၊ အလတ်စားလုပ်ငန်းများကို အရင်းအနှီး၊ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများရရှိရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပေါင်းစပ်ပေးနိုင်မည့် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်ကို ထည့်သွင်းပြဋ္ဌာန်းပေးရန် ထောက်ခံပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီက ယခုဆွေးနွေးနေကြသည့် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်ချက်သည် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ်တွင် ပြင်ဆင်ဖြည့်စွက်ချက်အနေဖြင့် ထည့်သွင်းထားခြင်းဖြစ်ပြီး ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် မဟုတ်ပါကြောင်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များကို မဖွံ့ဖြိုးမတိုးတက်စေလိုသည့်ဆန္ဒဖြင့် ထည့်သွင်းစဉ်းစားခြင်းမဟုတ်ပါကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရပြီးသူများဖြစ်သည့်အတွက် ယခုအသစ်ဖြည့်စွက်မည့် အပိုဒ်(၄)နှင့်လည်း ဥပဒေအရ မည်သို့မျှမသက်ဆိုင်ပါကြောင်း၊ နိုင်ငံသားလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအပိုဒ်(၁၆)အပိုဒ်ခွဲ(စ)အရ နိုင်ငံခြားသားများနှင့် ပူးပေါင်းလုပ်ဆောင်မည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း လုပ်ဆောင်သွားရမည်ဖြစ်သည့်အတွက် ယခုပြင်ဆင်ချက်သည် သတ္တုတွင်းဥပဒေကြမ်းနှင့် မည်သို့မျှမသက်ဆိုင်ပါသဖြင့် ပယ်ဖျက်သင့်ပါကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င) ဖြည့်စွက်ချက်၏ အဓိကအချက်မှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ကို လျှောက်ထားရန် ဖြစ်ပါကြောင်း၊ တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရလည်း ခွင့်ပြုထားခြင်းမရှိသည့်အတွက် ခွင့်မပြုသင့်ပါကြောင်းနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပယ်ဖျက်လိုသည့်ဆုံးဖြတ်ချက်ကို ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င) အသစ် ဖြည့်စွက်ခြင်းမပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**




# မြစိမ်းရောင်ချေးငွေများထုတ်ချေး

**ကွမ်းခြံကုန်း  မေ  ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောကျောင်း၊ ကြခတ်၊ ကော့ခနိမ်ကျေးရွာများသည် ယခင်နှစ်ချေးငွေများအားလုံး ပြေကျေစွာပေးဆပ်ပြီးဖြစ်၍ ချေးငွေများ ပြန်လည်ထုတ်ချေးလျက်ရှိရာ မေ ၂၅ ရက်က ကြခတ်ကျေးရွာတွင် ဒုတိယအကြိမ်အဖြစ် မြစိမ်းရောင်အသင်းသား ၆၈ ဦးသို့ ချေးငွေစုစုပေါင်း ကျပ် ၃၁၄၅၀၀၀၀ ထုတ်ချေးခဲ့ကြောင်းသိရသည်။

**ဉာဏ်လင်းစိုး(ကျေးလက်)**

ပြည်ကြီးမဏ္ဍိုင်
ခိုင်မာဖို့
အခွန်တာဝန်
ကျေပွန်စို့

# မြန်မာပြည်သူပြည်သားများ၏ ပကတိလူမှုစီးပွားရေး အခြေအနေမှန်ကို ပြဆိုသည့် အရင်းအမြစ်များအဖြစ် သန်းခေါင်စာရင်းရလဒ်များကို အသုံးပြု

☆ **သန်းခေါင်စာရင်းမှ**

မြန်မာနိုင်ငံဆိုင်ရာ အကြံပေးကိုယ်စားလှယ်၊ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ယူပြီး သုံးလအကြာ ၂၀၁၁ ခုနှစ် မေလ၌ မြန်မာနိုင်ငံတွင် နှစ်ပေါင်း(၃၀)ကြာ မကောက်ယူနိုင်ခဲ့သည့်၊ အချို့နယ်မြေများ၌ နှစ်ကာလရာချီပြီး မကောက်ယူနိုင်ခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ယခုကဲ့သို့ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် စဉ်းစားဆုံးဖြတ်သည့်အခါ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ထည့်သွင်းစဉ်းစားပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်းနှင့် တွေ့ဆုံညှိနှိုင်းခဲ့ပါကြောင်း။

အကျိုးဆက်အဖြစ် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကြီးကို အောင်မြင်စွာကောက်ယူနိုင်ရန် ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ (၄)နှစ်နီးပါးကြာ ဆောင်ရွက်ရသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုအစီအမံကို ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်းနှင့် ထုတ်ပြန်ကြေညာခြင်းဆိုသည့် အဆင့်(၄) ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကွင်းဆင်းစာရင်းကောက်ယူပြီးနောက် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း ပထမဆင့် သန်းခေါင်စာရင်း ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိတို့ကြိုတင်ကတိကဝတ်ပြုထားခဲ့သည့်အတိုင်း အသေးစိတ်အချက်အလက်များပါဝင်သည့် ပင်မအစီရင်ခံစာကို ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ သန်းခေါင်စာရင်းမှ လူဦးရေနှင့် အိမ်အကြောင်းအရာ အခြေခံကိန်းဂဏန်းအချက်အလက်များ ရရှိလာခြင်းကြောင့် မြန်မာနိုင်ငံအတွက် ဖြစ်ထွန်းလာသည့် အကျိုးရလဒ်များကို အနည်းငယ်ရှင်းလင်းပြောကြားလိုပါကြောင်း။

အားလုံးသိရှိကြသည့်အတိုင်း နိုင်ငံတစ်နိုင်ငံတွင် နယ်မြေဧရိယာ အပိုင်းအခြား သတ်မှတ်ချက်ရှိရန်လိုအပ်သကဲ့သို့ နိုင်ငံအတွင်းမှာရှိသည့် လူဦးရေအရွယ်အစား၊ ပျံ့နှံ့နေထိုင်မှုနှင့် ဝိသေသလက္ခဏာများကို မှန်ကန်တိကျစွာ သိရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် အချက်အလက်ကို အခြေခံသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊ ပြည်သူများအတွက် ပိုမိုသင့်လျော်ကောင်းမွန်သည့် မူဝါဒများ ချမှတ်နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ကျား/မ မရွေး၊ အဆင့်အတန်းမရွေး၊ မသန်စွမ်းသူများအပါအဝင် လူတိုင်း လူတိုင်း အရည်အသွေးပြည့်မီသော ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများကို ထိရောက်မှန်ကန်စွာ ဆောင်ရွက်ပေးရန်အတွက် သန်းခေါင်စာရင်းမှ ရလာသည့် အချက်အလက်များက အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း မှန်ကန်တိကျသည့် အချက်အလက်များကို အသုံးပြုခြင်းဖြင့် မိမိတို့နိုင်ငံသူ နိုင်ငံသားများ၏ စွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချနိုင်မည်ဖြစ်ပြီး ဘဝတွင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူများ၏ အခြေအနေမှန်များကို ပကတိဖြစ်ရပ်မှန်အတိုင်း သိရှိနိုင်မည်ဖြစ်သည့်အတွက် ခန့်မှန်းယူဆချက်များအပေါ်တွင် မှီခိုအားထားစရာမလိုဘဲ လိုအပ်သည့်နေရာများတွင် မှန်ကန်လိုအပ်သည့် စီမံကိန်းများကို ချမှတ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုသန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံတော်အစိုးရအတွက်သာမက ပုဂ္ဂလိကကဏ္ဍ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်နေသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပြည်သူများကို ဝန်ဆောင်မှုများပေးနေသည့် လူမှုအဖွဲ့အစည်းများအပါအဝင် အားလုံးအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း။

ယခုနေရာတွင် အလျဉ်းသင့်၍ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းဆိုသည့်ကိစ္စနှင့် မိမိတို့အစိုးရလက်ထက်တွင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချိတ်ဆက်မှုကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများအားလုံးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းမှ ရရှိလာမည့်အချက်အလက်များသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်ပြီးသော်လည်းကောင်း ချိတ်ဆက်နေပါကြောင်း၊ ကာလကြာရှည်သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည့်အတွက် အခြေခံအကျဆုံးဖြစ်သည့် မိမိတို့နိုင်ငံ၏ လူဦးရေစာရင်းဇယားများကို ခန့်မှန်းတွက်ချက်နေရသည့် အနေအထားမှ တိတိကျကျ တွက်ချက်နိုင်သည့်အနေအထားကို ရောက်ရှိလာခြင်းသည်ပင်လျှင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း၏ ပကတိတန်ဖိုးပင်ဖြစ်ပါကြောင်း။



**ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ကုလသမဂ္ဂအဖွဲ့အစည်းများကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စ ဂျဲနက် အီး ဂျက်ဆင်ထံ သန်းခေါင်စာရင်းပင်မအစီရင်ခံစာ ပေးအပ်စဉ်။** (သတင်းစဉ်)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီးဝင်ရေးတို့အတွက် မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်ဆိုင်ရာ အချက်အလက်များ၊ လူဦးရေကို အခြေခံသည့် ဈေးကွက်အနေအထားကိုမူတည်ပြီး စီမံကိန်းများရေးဆွဲခြင်း၊ ဈေးကွက်အနေအထားတွက်ချက်ခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှ ရရှိလာမည့် လူဦးရေစာရင်းများကို အသုံးပြုပြီး တိကျခိုင်မာပြီး ရေရာသေချာမှုရှိသည့် တွက်ချက်မှုများကို ပြုလုပ်နိုင်မည့်အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

လူမှုရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များ တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လူဦးရေစာရင်းများက အဓိက အထောက်အကူပေးမည်ဖြစ်ပါကြောင်း။

မကြာမီ ပေါ်ပေါက်လာမည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် မလွဲမသွေ ကြုံတွေ့ရမည့် တိုင်းရင်းသားမျိုးနွယ်စုများ ပြဋ္ဌာန်းသတ်မှတ်ခြင်းကိစ္စအတွက် နိုင်ငံရေးသဘောတူညီချက်များကို အခြေခံပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း အစရှိသည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် လူဦးရေစာရင်းများကို အခြေခံညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း၊ ယင်းနိုင်ငံရေးဆွေးနွေးပွဲများမှရရှိလာမည့် နိုင်ငံရေးသဘောတူညီချက်များကို အခြေခံပြီး ခေတ်စနစ်နှင့်လျော်ညီသည့် နိုင်ငံသားဖြစ်မှုဆိုင်ရာကိစ္စရပ်များ ပြဋ္ဌာန်းချက်များကိုလည်း ဥပဒေပြုရေးနည်းလမ်းများ၊ အုပ်ချုပ်ရေးနည်းလမ်းများနှင့် အဆင့်ဆင့် ပြုလုပ်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သည့်အခါ မိမိတို့နိုင်ငံ လူ့အဖွဲ့အစည်း၏ အနာဂတ်ကံကြမ္မာကို ပြဋ္ဌာန်းသတ်မှတ်ရန်အတွက် လူဦးရေစာရင်းများသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်လာမည်ဟု မိမိအနေဖြင့် ရှုမြင်ထားပါကြောင်း၊ ယင်းတင်ပြချက်များကိုကြည့်မည်ဆိုပါက ယခုပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို မိမိအနေဖြင့်သော်လည်းကောင်း၊ မိမိတို့အစိုးရအနေဖြင့်သော်လည်းကောင်း အလွန်အရေးကြီးသည့် ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့သည့်အတွက် တန်ဖိုးထား၊ ဂုဏ်ယူရမည့် အမျိုးသားရေးအောင်မြင်မှုတစ်ခုအဖြစ် ခံယူထားသည်ဟု ပြောကြားလိုပါကြောင်း။

ယခုပြည်လုံးကျွတ်သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်မှုကို မိမိတို့နိုင်ငံအတွက် ဂုဏ်ယူရမည့် အမျိုးသားရေးအောင်မြင်မှုတစ်ရပ်ဖြစ်သည်ဟု ခံယူရသည်မှာ များစွာအဓိပ္ပာယ်ရှိပါကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်နှစ် သန်းခေါင်စာရင်း စတင်ခြင်းအထိမ်းအမှတ် အခမ်းအနားတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနှင့် ဆောင်ရွက်၍ရခြင်းမဟုတ်ဘဲ နိုင်ငံတစ်ဝန်းတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်သော အင်အားနှင့် ပေါင်းစပ်မှသာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို ပြောကြားခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကြီးသည် မိမိတို့နိုင်ငံသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုကြောင့် လုပ်ငန်းပမာဏ အလွန်ကြီးမားကျယ်ပြန့်သည့် နိုင်ငံတော်လုပ်ငန်းစဉ်ကြီးကို သတ်မှတ်ချိန်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ယနေ့ဖြစ်ရပ်သည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပေါင်းစည်းမှုစွမ်းအားကို ပြသနိုင်ခြင်းဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုအားနှင့် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံးတွင် သန်းခေါင်စာရင်းလုပ်ငန်းကြီးကို ကူညီထောက်ပံ့ပေးခဲ့ကြသည့် ပြည်တွင်းမှ စေတနာရှင်၊ အလှူရှင်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုများကိုလည်း မှတ်ကျောက်တင်ထားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် သန်းခေါင်စာရင်းကောက်ယူရာတွင် အဓိကနေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စာရင်းကောက် ဆရာ ဆရာမများကို ပျူပျူငှာငှာ ကြိုဆိုခဲ့ကြပြီး မေးမြန်းသည့်အချက်အလက်များကို စိတ်ရှည်လက်ရှည် ဖြေကြားပေးခဲ့သည့်၊ ပူးပေါင်းကူညီပေးခဲ့ကြသည့် မြန်မာပြည်တစ်နံတစ်လျားမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်သူပြည်သားများအားလုံးကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်ဟု မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

တစ်ဆက်တည်းတွင် ယင်းလုပ်ငန်းတာဝန်ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တာဝန်ကျေမှုကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြု ပြောကြားအပ်ပါကြောင်း။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီး ချောမွေ့အောင်မြင်အောင် အကူအညီပေးခဲ့ကြသည့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ၊ အလှူရှင်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ ဖင်လန်၊ ဂျာမနီ၊ အီတလီ၊ နော်ဝေ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ကိုလည်း နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း၊ အလှူရှင်များ၏ ငွေကြေး၊ နည်းပညာနှင့် စီမံခန့်ခွဲမှုအထောက်အပံ့များသည် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီး အောင်မြင်မှုအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ကို မှတ်တမ်းတင်ပါကြောင်း၊ အလားတူ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အကြံပေးပညာရှင်များနှင့် ယင်းစီမံချက်ကြီးတွင် ဘက်စုံ၊ ထောင့်စုံမှ ပါဝင်ပတ်သက်ခဲ့ကြသည့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများကိုလည်း နိုင်ငံတော်က မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ထို့ပြင် မိမိတို့ကျေးဇူးအထူးတင်ရမည့်သူများတွင် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB) ကိုလည်း ချန်ထား၍ မဖြစ်နိုင်ပါကြောင်း၊ နိုင်ငံတကာအကြံပေး အဖွဲ့ဝင်များအနေဖြင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် နည်းပညာနှင့် အရည်အသွေးထိန်းချုပ်မှုများကို အနီးကပ်စဉ်ဆက်မပြတ် အကြံပြုခဲ့ကြ၍ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး သန်းခေါင်စာရင်းလုပ်ငန်းစဉ်၏ ကောင်းမွန်မှုဖြင့် သန်းခေါင်စာရင်းရလဒ်များ၏ ယုံကြည်စိတ်ချရမှုများအပေါ် သံသယဝင်နေမှုများကို ဖယ်ရှားနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာမိတ်ဆွေများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုအတွက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးက အစဉ်အမှတ်ရနေမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ယနေ့ အခမ်းအနားသည် နောက်လအနည်းငယ်ကြာသည်အထိ ဆက်လက်ဆောင်ရွက်ရမည့် သန်းခေါင်စာရင်းအချက်အလက်များဖြန့်ဝေမည့် အစီအစဉ်၏ ပထမခြေလှမ်းဖြစ်ပါကြောင်း၊ နယ်မြေဒေသအသီးသီးမှ ဦးစီးဦးဆောင်ပြုလုပ်သူများနှင့် ပြည်သူများမပါဝင်ဘဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်းနှင့် အစိုးရ၊ ပြည်သူနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှသာ အပြည့်အဝအောင်မြင်မည်ဖြစ်သည်ကိုလည်း အလေးအနက်ထားပြောကြားလိုပါကြောင်း၊ ပြီးခဲ့သည့်သန်းခေါင်စာရင်းတွင် အကြောင်းအမျိုးမျိုးကြောင့် စာရင်းမကောက်ယူနိုင်ခဲ့သည့် နေရာအချို့ရှိခဲ့သော်လည်း ယခုသန်းခေါင်စာရင်းတွင် ကောက်ရန်ကျန်ခဲ့သည့် လူဦးရေကို ရရှိပြီးအချက်အလက်များပေါ်အခြေခံပြီး လူဦးရေခန့်မှန်းနည်းစနစ်များအသုံးပြုကာ အနီးစပ်ဆုံး မှန်ကန်စေရန် ခန့်မှန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကဏ္ဍအသီးသီးမှ ခေါင်းဆောင်များအတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်အတွက် အရင်းအမြစ်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုဟုလည်း ဆိုနိုင်မည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းအစီရင်ခံစာတွင်ပါသည့် ရလဒ်များကို ထုတ်ပြန်ကြေညာသည့် ဆွေးနွေးပွဲများ မကြာမီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး သန်းခေါင်စာရင်းရလဒ်များနှင့်

**စာမျက်နှာ ၉ သို့** ❁

❀ စာမျက်နှာ ၈ မှ

ပတ်သက်သည့် အသိပညာဗဟုသုတများကိုလည်း မျှဝေသွားမည်ဖြစ်ပါကြောင်း။ အသိပညာဗဟုသုတများသည် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အထောက်အပံ့ဖြစ်စေသကဲ့သို့ အလားအလာကောင်းများရှိသည့် ဒေသများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အချက်အလက်အသုံးပြုသူများအားလုံး သန်းခေါင်စာရင်းအချက်အလက်များကို ရရှိနိုင်ရန် နည်းလမ်းမျိုးစုံနှင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့ရပါကြောင်း။ အချက်အလက်များကို ပုံနှိပ်ထားသည့် အစီရင်ခံစာများအနေဖြင့် ထုတ်ပြန်မည်ဖြစ်ပြီး အင်တာနက်တွင်လည်း လွယ်ကူစွာရနိုင်ရန် ဆောင်ရွက်ထားပါကြောင်း၊ အင်တာနက်မရရှိနိုင်သည့်နေရာများတွင် ဒီဗွီဒီများနှင့် အသုံးပြုနိုင်ရန်လည်း စီမံဆောင်ရွက်ထားပါကြောင်း၊ မနီးစပ်သူများအတွက်လည်း အများနားလည်လွယ်မည့်ပုံစံဖြင့် အစီရင်ခံစာများကို ပြုစုထားပါကြောင်း။ မီဒီယာများအနေဖြင့်လည်း သန်းခေါင်စာရင်းအချက်အလက်များကို ပြည်သူများထံ အမှန်တကယ်ရောက်ရှိစေရန် ထပ်မံပြီး ကူညီဖြန့်ဝေပေးကြရန် တိုက်တွန်းအပ်ပါကြောင်း။

ယခုဖြစ်စဉ်မှစ၍ မှန်ကန်သည့်အချက်အလက်များကို ပြည်သူလူထုလက်ထဲအရောက် ပွင့်လင်းမြင်သာမှုရှိစွာ အစိုးရတစ်ရပ်အနေဖြင့် ပေးပို့ခြင်းဖြစ်သည်ဟုလည်း ခံယူစေလိုပါကြောင်း၊ မြန်မာပြည်သူပြည်သားများ၏ ပကတိလူမှုစီးပွားရေး အခြေအနေမှန်ကိုပြဆိုသည့် အရင်းအမြစ်များအဖြစ် သန်းခေါင်စာရင်းရလဒ်များကို အသုံးပြုကြပါဟု တိုက်တွန်းလိုပါကြောင်း။

သန်းခေါင်စာရင်းရလဒ်များသည် ယနေ့မြန်မာနိုင်ငံ၏ပုံရိပ်ကို ဖော်ပြနေပါကြောင်း၊ အနာဂတ်တွင် မည်သည့်နိုင်ငံမျိုး ဖြစ်စေချင်သည်ကို ဆုံးဖြတ်ကြရန် မိမိတို့ အတူတကွ လက်တွဲလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့်လမ်းကြောင်းတွင် မိမိတို့ကျရောက်ရာကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ထို့ကြောင့် ယနေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များကို တရားဝင်ထုတ်ပြန်ပါကြောင်း၊ နိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်းမှ အချက်အလက်အသုံးပြုသူအားလုံးအတွက် တစ်ပြိုင်တည်းရရှိနိုင်ပြီဖြစ်ပါကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာအပ်ပါကြောင်းနှင့် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အကြံပေးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စ လုပ်နာ ဘက်ကွီတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကိုယ်စား နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကုလသမဂ္ဂအဖွဲ့အစည်းများကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စ ဂျဲနက် အီး ဂျက်ဆင်၊ နိုင်ငံတကာအလှူရှင်များကိုယ်စား ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အန်ဒရူး ပက်ထရစ်နှင့် လူမှုအဖွဲ့အစည်းများကိုယ်စား ဦးငွေသိန်းတို့ထံ သန်းခေါင်စာရင်းပင်မအစီရင်ခံစာများကို ပေးအပ်သည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းရလဒ်များနှင့်စပ်လျဉ်း၍ လူဦးရေဆိုင်ရာများ၊ အိမ်ထောင်စုအကြောင်းအရာများ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများ၊ ပညာရေးဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာများ၊ မွေးဖွားခြင်းဆိုင်ရာများ၊ သေဆုံးခြင်းအကြောင်းအရာများ၊ အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ သုံးစွဲမှုအခြေအနေ၊မသန်စွမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောင်ရွက်ပြီးခဲ့သည့် သန်းခေါင်စာရင်းအစီအမံများကို မှတ်တမ်းဗီဒီယိုဖြင့်ပြသကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ်(၄၈) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၉**

ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ်(၄၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Panda Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ရွှေက အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူ ၁၃၀ တို့ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို ရန်ကုန်မြို့ အမှတ်(၄၅၈/၄၆၀) ရသာကွန်ဒိုဒုတိယထပ် မဟာဗန္ဓုလလမ်းနှင့် (၁၁)လမ်းထောင့် ပန်းဘဲတန်းမြို့နယ်ရှိ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ ဇူလိုင် ၁၇ ရက်ထိ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂန္ထဝင်ရုပ်ရှင်ကား ၅၀ ကျော်ပြသမည့် အမှတ်တရနိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော် စတင်

**ရန်ကုန် မေ ၂၉**

ကမ္ဘာတစ်ဝန်းမှ ဂန္ထဝင်ရုပ်ရှင်ကား ၅၀ ကျော်နှင့် မြန်မာ့ဂန္ထဝင်ဇာတ်ကား လေးကားပါဝင်သည့်တတိယအကြိမ် အမှတ်တရနိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံတွင် ကျင်းပသည်။

အဆိုပါပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ပြင်သစ်ရုပ်ရှင်မင်းသမီး ကက်သရင်းဒနဗ်၊ မလေးရှားမင်းသမီး မီရှဲယိုး၊ ဟောင်ကောင်မင်းသမီး ချန်ပင်းပင်း၊ စင်ကာပူမင်းသမီး မာရီလီး၊ မြန်မာနိုင်ငံမှ ဂန္ထဝင်ရုပ်ရှင်မင်းသမီးကြီးများဖြစ်ကြသည့် ဒေါ်ဆွေဇင်ထိုက်၊ ဒေါ်ခင်သီတာထွန်း၊ ဒါရိုက်တာ ဒေါ်သင်းသင်းယုနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရုပ်ရှင်ချစ် ပရိသတ်များ တက်ရောက်ကြသည်။




**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် တတိယအကြိမ် အမှတ်တရနိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်ဖွင့်ပွဲအခမ်းအနားတက်ရောက်သူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

ယနေ့ကျင်းပသည့် နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအပါအဝင် မြန်မာနိုင်ငံဆိုင်ရာပြင်သစ်သံရုံးနှင့် ပြင်သစ်နိုင်ငံမှ Technicolor Foundation for Cinema Heritage တို့ ပူးပေါင်းတင်ဆက်ခြင်း ဖြစ်သည်။

နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်တွင် ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ဇာတ်ကား ၅၀ ကျော်နှင့် မြန်မာ့ဂန္ထဝင်ရုပ်ရှင် ဇာတ်ကား လေးကားတို့ကို မေ ၂၉ ရက်မှ ဇွန် ၇ ရက်အထိ ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် အခမဲ့ ပြသသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

☆**ကျောဖုံးမှ**

**ဦးညီညီ**
**ဒလမြို့၊ ဗညားဒလရပ်ကွက်**

ဒလ-ရန်ကုန် မြစ်ကူးတံတားကြီးထိုးလိုက်မယ်ဆိုရင် ကော့မှူး-ကွမ်းခြံကုန်း-ဒလက ဒေသခံတွေ သွားရေးလာရေးအဆင်ပြေသွားမယ်။ နေ့ရောညပါသွားပြီး အလုပ်လုပ်လို့ရပါတယ်။ တံတားထိုးမယ်ဆိုတော့ စီးပွားရေးသမားတွေက မြေဈေးကစားမှာပဲ။ ဒါပေမယ့် ရလဒ်ကတော့ ရန်ကုန်တစ်ဖက်ကမ်း ဒလကလည်း နယူးရန်ကုန်ဖြစ်သွားမှာပေါ့။

**ဦးခင်အေး(ဆိုင်ကယ်ကယ်ရီ)**
**ဒလမြို့၊ ဘုရင့်နောင်ရပ်ကွက်**

တံတားထိုးလိုက်ရင် အားလုံးသွားရေးလာရေးလွယ်ကူပြီး လုပ်ကိုင်စားသောက်ရတာ အဆင်ပြေသွားမယ်လို့ထင်ပါတယ်။ ခရီးသည်တွေလည်း အားလုံးအဆင်ပြေသွားမယ်။ ရေလမ်းနဲ့သွားလာလှုပ်ရှားရတာ ခက်ခဲတယ်။ မနက်ဆိုရင် ပိုပြီးသွားရေးလာရေးခက်ခဲတယ်။ ကားလမ်းပေါက်သွားမယ်ဆိုရင် သွားရေးလာရေးပိုအဆင်ပြေသွားမယ်။ တံတားထိုးလိုက်တဲ့အတွက် ပြည်သူလူထုအတွက် ကောင်းမွန်လာမှာ သေချာပါတယ်။

**ဦးဝင်းကို(ဝန်ထမ်း)**
**ဒလမြို့၊ မြို့မ(၃)ရပ်ကွက်**

အရင်ကတော့ သွားရေးလာရေးခက်ခဲတယ်။ သင်္ဘောလိုင်းက ၉ နာရီအထိပဲ ပြေးဆွဲပေးတယ်။ မိုးရာသီ လှိုင်းလေကြမ်းတဲ့အခါမှာ အရေးပေါ်လူနာတွေဆို ရန်ကုန်ဘက်သွားဖို့ အလွန်ဒုက္ခရောက်တယ်။ တံတားကြီးထိုးလိုက်မယ်ဆိုရင် ကျန်းမာရေးအတွက်လည်း ကောင်းသလို လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေလည်း နဂိုကထက် ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကလည်း ဒီဘက်ကိုလာမယ်လို့ အသံတွေထွက်နေတယ်။ နိုင်ငံခြားသားတွေကလည်း လေ့လာဖို့ တဖွဲဖွဲရောက်လာကြတယ်။ နိုင်ငံခြားသားတွေလာကြလို့ ဆိုက်ကားသမားတစ်ယောက်ကို အနည်းဆုံး လေးထောင်၊ ငါးထောင်လောက်ရတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာမယ်ဆိုရင် ဒေသခံတွေရဲ့ စီးပွားရေးတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်တယ်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလာတဲ့အခါမှာ မြို့ရွာတိုးတက်လာသလို မြေဈေးကလည်း အထိုက်အလျောက်မြင့်လာတယ်။ တချို့ ဝိသမလောဘသားတွေက မြေဈေးကို မတော်မတရား တောင်းတဲ့အပေါ်မှာ သက်ဆိုင်ရာ အာဏာပိုင်တွေက ညှိပေးဖို့တော့လိုအပ်တယ်လို့ ယူဆတယ်။

**ဒေါ်ခင်ခင်ဝင်း**
**(အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)**
**ဒလမြို့နယ်**

တံတားကြီးထိုးမယ်ဆိုတော့ အများကြီးဝမ်းသာတယ်။ ကျန်းမာရေးအတွက်လည်း ပိုပြီးကောင်းသွားမယ်။ ရန်ကုန်ဘက်ခြမ်းက ဆေးရုံတွေသွားမယ်ဆိုရင် သင်္ဘောတွေကိုစောင့်ပြီး စီးရတယ်။ လူနာတွေအတွက် အခက်ပေါ့။ ဒီဘက်မှာက တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံလေးတွေပဲရှိတာဆိုတော့ အရေးကြီးလူနာတွေအတွက် အဆင်ပြေသွားတာပေါ့။

**ဦးသန်းလွင်**
**ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်**

တံတားကြီးထိုးဖို့အတွက် မျှော်လင့်နေတာကြာပြီ။ အခုလို တံတားထိုး



ဦးညီညီ။



ဦးခင်အေး။



ဦးဝင်းကို။



ဒေါ်ခင်ခင်ဝင်း။



ဦးသန်းလွင်။

ပေးမယ်ဆိုတဲ့ အသံကြားတော့ အလွန်ဝမ်းသာတယ်။ ကျွန်တော်တို့ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါများလာမယ်။ လူနေမှုအဆင့်အတန်းတွေလည်း မြင့်လာမယ်။ ဒလက ရန်ကုန်နဲ့နီးတယ်ဆိုပေမယ့် မြစ်ကြီးခြားနေတဲ့အတွက် ဖွံ့ဖြိုးမှုကနောက်ကျနေတယ်။ အခုက သင်္ဘောတွေနဲ့ စက်တပ်သမ္ဗန်၊ လှေတွေကိုပဲ အားထားပြီး ရန်ကုန်ဘက်ကို သွားနေရတယ်။ တံတား ကြီးထိုးလိုက်မယ်ဆိုရင် ဒလမြို့အတွက်သာမကဘဲ ဧရာဝတီတိုင်းကလာတဲ့ ဒေသခံတွေ အတွက်လည်းအဆင်ပြေသွားတာပေါ့။

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ မြန်မာနိုင်ငံလွတ်မြောက်ရန်အလားအလာရှိပြီဖြစ်

**နေပြည်တော်  မေ ၂၉**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှလွတ်မြောက်ရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၊ စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၈ရက် နံနက် ၁၁နာရီတွင် ကျင်းပခဲ့ရာ အစည်းအဝေး၌ စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန်အလားအလာရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးထိခိုက်လွယ်မှုစံသတ်မှတ်ချက် (EVI) ညွှန်ကိန်းများအား ဖွံ့ဖြိုးမှုမူဝါဒကောင်စီ( CDP) ၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြခဲ့သော အချက်အလက်များအရ EVI ညွှန်းကိန်းမှာ ၃၃ ဒသမ ၇ ဖြစ်ပြီး EVI လွတ်မြောက်ရေးစံနှုန်းမှာ ၃၂ ဖြစ်သည့်အတွက် လွတ်မြောက်ရေး စံနှုန်းပြည့်မီရန်အလားအလာကောင်းမွန်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ခုအတွက် စံနှုန်းသတ်မှတ်ချက်များတွင် ဝင်ငွေနိမ့်ကျမှုစံသတ်မှတ်ချက်၊ လူသားအရင်းအမြစ်စံသတ်မှတ်ချက်နှင့် စီးပွားရေးထိခိုက်လွယ်မှု စံသတ်မှတ်ချက်များဖြင့် တိုင်းတာသတ်မှတ်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၈၇ခုနှစ်မှစ၍ ပါဝင်လာခဲ့ပြီး ယခုအခါ အဆိုပါစာရင်းဝင် နိုင်ငံပေါင်း ၄၈ နိုင်ငံရှိနေပြီဖြစ်သည်။

သို့ဖြစ်၍ ဆပ်ကော်မတီအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှလွတ်မြောက်ရေးMaster Plan (မူကြမ်း) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့သည့် EVI စံနှုန်းပြည့်မီရေး နှစ်အလိုက်လုပ်ငန်းအစီအစဉ်များ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ(LDC)၏ ခံစားခွင့်ရရှိရေး အကူအညီရယူလိုသည့်အပိုင်းများအား စုစည်း၍ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ထားပြီးဖြစ် MasterPlan အဆင့်(၁)တွင်လည်း လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်မည့် နည်းလမ်း၊ တိုင်းတာမည့် ညွှန်းကိန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ဖြည့်စွက်ထည့်သွင်းမှုများပြုလုပ်ထားသည်။ ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍ များအလိုက်ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များရှိပါက အချိန်မီပေးပို့ရန်လိုအပ်ကြောင်းလည်း သိရ သည်။

ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ LDCနှင့်ပတ်သက်သည့် သတင်းအချက်အလက်များထည့်သွင်းနိုင်ရန် စာရင်းအင်း ကျွမ်းကျင်ပညာရှင်တစ်ဦး မြန်မာနိုင်ငံသို့ရောက်ရှိနေပြီဖြစ်ရာ EVI အညွှန်းကိန်းများအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးမေးမြန်း၍ နိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံသည့် သတင်းအချက်အလက်တွက်ချက်မှုနှင့် အချက်အလက်ရယူမှုများဖြစ်စေရေး နည်းပညာပိုင်းဆိုင်ရာများအား ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်များကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် သစ်တောပြုန်းတီးမှုများသည် စီးပွားရေးထိခိုက်နစ်နာလွယ်မှုတွင်တိုက်ရိုက်မပတ်သက်သော်လည်း သွယ်ဝိုက်သောအားဖြင့် ဆက်နွှယ်နေသောကြောင့် ထိခိုက်နစ်နာမှုနည်းပါးစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေ၊ ဆပ်ကော်မတီနှင့် အထောက်အကူပြု ကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ မှ နည်းပညာကျွမ်းကျင်ပညာရှင်အသင်းအဖွဲ့ဝင် များပါ တက်ရောက်ခဲ့ကြသည်။

**(ကြေးမုံ)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်ကျောင်းပေါင်း ၁၀၀ ကျော် ခွင့်ပြုပေးထား

**မန္တလေး  မေ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၈မြို့နယ်တွင် ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်သင်ကြားလိုသူများအား စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယခုပညာသင်နှစ်အထိကျောင်းပေါင်း၁၀၀ ခွင့်ပြုပေးထားကြောင်း သိရသည်။

အဆိုပါကျောင်းပေါင်း ၁၀၀ အနက် ၅၅ကျောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များအနက် အစောဆုံး ဖွင့်လှစ်သင်ကြားခွင့်ရရှိခဲ့ကာ တစ်နှစ်စမ်းသပ်ကာလ ၃၁ ကျောင်းနှင့် ယာယီနှစ်နှစ်ကာလ ၂၄ ကျောင်းတို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့ရုံးဝန်ထမ်းတွေက ကိုယ်ပိုင်ကျောင်းလျှောက်ထားလိုသူတွေရဲ့ လိုအပ်တဲ့စာရင်းဇယားတွေကို ပြည့်စုံမှန်ကန်စွာတင်ပြပေးနိုင်တဲ့အတွက် အမြန်ဆုံးဖွင့်ခွင့်ရခဲ့တာပါ။ ကိုယ်ပိုင်ကျောင်းဖွင့်လိုသူတွေ အနေနဲ့ စမ်းသပ်ကာလတစ်နှစ်နဲ့ ယာယီသက်တမ်းကာလနှစ်နှစ်မှာသတ်မှတ်စည်းကမ်းတွေကို လိုက်နာမှ ရေရှည်သင်ကြားခွင့်ရမှာပါ။ ဒါကြောင့် မိမိတို့လျှောက်လွှာမှာဖော်ပြထားတဲ့အတန်းတွေကိုသာ အမှန်တကယ်သင်ကြားဖို့သတိပြုစေလိုပါတယ်" ဟု ၎င်းကပြောသည်။

လက်ရှိဖွင့်လှစ်သင်ကြားလျက်ရှိသော ကိုယ်ပိုင်ကျောင်းပေါင်း ၁၀၀ မှာ မန္တလေးခရိုင်အတွင်း ၆၅ ကျောင်း၊ ပြင်ဦးလွင်ခရိုင်အတွင်း ၁၆ ကျောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ခုနစ်ကျောင်း၊ မြင်းခြံခရိုင်အတွင်း နှစ်ကျောင်း၊ ကျောက်ပန်းတောင်းခရိုင်အတွင်းနှစ်ကျောင်း၊ မိတ္ထီလာခရိုင်အတွင်းခုနစ်ကျောင်းနှင့် ရမည်းသင်းခရိုင်အတွင်း တစ်ကျောင်းတို့ဖြစ်ပြီး မူလတန်းအဆင့်သင်ကြားရန် ၁၄ကျောင်း၊ အလယ်တန်းအဆင့်တစ်ကျောင်း၊ မူလတန်းမှအလယ်တန်းအဆင့်အထိ ခြောက်ကျောင်း၊ အထက်တန်းအဆင့် ၁၈ ကျောင်း၊ အလယ်တန်းမှအထက်တန်းအဆင့် အထိ ကျောင်း ၂၀နှင့်မူလတန်းမှ အထက်တန်းအဆင့်အထိ သင်ကြားရန် ၄၁ ကျောင်းတို့ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**




# USAID နှင့် NI တို့ ပူးပေါင်းပြီး မဲခေါင်အောက်ပိုင်းဒေသတွင်း လူငယ်များကို အင်ဂျင်နီယာအတတ်ပညာမြှင့်တင်ရေးအစီအမံများဆောင်ရွက်မည်

**ရန်ကုန်  မေ ၂၉**

အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ USAID နှင့် အမေရိကန်အခြေစိုက်ကော်ပိုရေးရှင်းကုမ္ပဏီ National Instruments (NI) တို့ပူးပေါင်းပြီး မဲခေါင်မြစ်အောက်ပိုင်းဒေသနိုင်ငံများမှ အင်ဂျင်နီယာနှင့် သိပ္ပံလုပ်ငန်းနယ်ပယ်ရှိ လူငယ်များ၏နည်းပညာစွမ်းရည်များကို မြှင့်တင်ပေးသွားမည်ဟု သိရသည်။

လုပ်ငန်းခွင်အခြေပြုသင်တန်းများ ပံ့ပိုးပေးမည့် အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွင် တက္ကသိုလ်/ကောလိပ်များ၏ သင်ရိုးညွှန်းတမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ပေးခြင်း၊ နည်းပြဆရာများအားသင်တန်းပေးခြင်း၊ သိပ္ပံစမ်းသပ်ခန်းသုံး စက်ကိရိယာပစ္စည်းများ ထောက်ပံ့ပေးခြင်းအပါအဝင် လုပ်ငန်းစတင်တည်ထောင်သူများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ထောက်ပံ့ပေးသည့်အစီအစဉ်များလည်း ပါဝင်ကြောင်း သတင်းထုတ်ပြန်ချက်အရသိရသည်။

လာမည့်ငါးနှစ်အတွင်း အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီနှင့် NI တို့သည် သင်ကြားရေးစင်တာတစ်ရပ်ပူးပေါင်းထူထောင်ပြီး တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းကောလိပ်များမှ ကျောင်းသားများနှင့် အတတ်ပညာရှင်များအား အဆင့်မြင့်နည်းပညာသုံးပစ္စည်းများအသုံးပြုနိုင်ရန်၊ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချနိုင်ရန်နှင့် လုပ်ငန်းသစ်များတည်ထောင်နိုင်ရန် သင်တန်းများသင်ကြားပေးသွားမည်ဖြစ်သည်။

အမေရိကန်အစိုးရ ဆောင်ရွက်နေသည့် USAID COMET နှင့် USAIDACTI စီမံကိန်းနှစ်ခုသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ သမ္မတအိုဘားမားလာရောက်သည့်ခရီးစဉ်တွင် အကောင်အထည်ဖော်ခဲ့သည့် Young Southeast Asia Leadership Initiative အစီအစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံနှင့်ဆက်စပ်သည့်နယ်ပယ်ကဏ္ဍများတွင်ကျွမ်းကျင်ဝန်ထမ်းအရေအတွက် မြင့်တက်လာရန် တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း ၁၀၀ ကို ပံ့ပိုးကူညီသွားရန် USAID COMET က ရည်မှန်းထားရှိသည်။

**(သန့်ဇင်ဝင်း)**

# ကျေးလက်ဒေသ၌ မဟာမြိုင်ပညာဖောင်ဒေးရှင်းတည်ထောင်၍ ကျောင်းတက်နိုင်ရန် ထောက်ပံ့ပေးသည့်အပြင် အထက်တန်းတက်ရန်အတွက်ပါ လုပ်ဆောင်ပေးလျက်ရှိ

**မကွေး  မေ ၂၉**

မကွေးမြို့၏အရှေ့တောင်ဘက် ၁၂ မိုင်ခန့်ဝေးကွာသော အင်းနက်ကျေးရွာနှင့် ၆ ဖာလုံကျော်ဝေးကွာသည့် မဟာမြိုင်တောရကျောင်း၌ နာယကဆရာတော် ဦးပဏ္ဍဝ၊ ဦးသီလနန္ဒ၊ ဦးဝဏ္ဏိတတို့၏ဩဝါဒကို ခံယူ၍ ဦးဆောင်ဆရာတော် ဦးသုဒဿန၊ ဦးဇနသာရ၊ ဦးပဝသာရနှင့် အင်းနက်ကျေးရွာကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မြင့်တို့က စည်းဝေးတိုင်ပင်ကာ ကျေးလက်ဒေသကလေးငယ်များ ပညာသင်ကြားနိုင်စေရန် မဟာမြိုင်ပညာရေးဖောင်ဒေးရှင်းကို တည်ထောင်ပြီး ကျောင်းစတက်မည့် ကျောင်းသား ကျောင်းသူများနှင့် မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများကို တစ်ယောက်လျှင် ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ၊ ဘောလ်ပင်နှင့် ပစ္စည်းစုံပါ ကွန်ပါဘူးတို့ကို ထောက်ပံ့ပေးခဲ့ပြီး အထက်တန်း(နဝမတန်း) တက်မည့်ကျောင်းသား ကျောင်းသူများအား ကျောင်းထားပေးမည်ဖြစ်ကြောင်း မဟာမြိုင်ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌဆရာတော် ဦးသုဒဿနထံမှ သိရသည်။

"ဦးဇင်းတို့ပညာရေးဖောင်ဒေးရှင်းကို မတည်ငွေ ၁၀ သိန်းကျော်နဲ့ စတင်ပြီး အခုနှစ်ဧပြီလမှာ စတင်တည်ထောင်ပါတယ်။ အရင်နှစ်တွေက နွေရာသီကျောင်းပိတ်ရက်နဲ့ ရက်ရှည်ကျောင်းပိတ်ရက်တွေမှာ ကလေးတွေကို ဗုဒ္ဓစာပေနဲ့ပတ်သက်တဲ့ ယဉ်ကျေးလိမ္မာသင်ပေးတယ်။ အခု ကျောင်းအပ်နှံရေး သီတင်းပတ်မှာ ဦးဇင်းတို့ဆီ စာရင်းပေးသွင်းထားတဲ့ ကျောင်းသား ကျောင်းသူတွေကို သူငယ်တန်းမှ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်းအထိ ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ ကွန်ပါဘူး (ပစ္စည်းစုံပါ)တွေကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၁ ယောက်ကို ထောက်ပံ့ပေးခဲ့ပါတယ်။ မူလတန်းမှ အလယ်တန်းအထိ ပညာရေးဖောင်ဒေးရှင်းအမည်နဲ့လှူတယ်။ နဝမတန်းစတင်တက်မယ့် ကျောင်းသား ကျောင်းသူတွေကိုလည်း ကျောင်းထားပေးသွားမှာ ဖြစ်ပါတယ်။ အင်းနက်ကျေးရွာက စိတ်တူကိုယ်တူ လူငယ်အင်အား၃၀နဲ့ဖွဲ့စည်းတည်ထောင်ပြီး ဆင်းရဲချို့တဲ့တဲ့မိသားစုဝင်သားသမီးများကို ပညာရေးပြည့်စုံစွာသင်ကြားနိုင်အောင် ထောက်ပံ့ကူညီပြီးကျောင်းထား ပေးသွားမှာပါ" ဟု ဥက္ကဋ္ဌဆရာတော်က မိန့်ကြားသည်။

မဟာမြိုင် ပညာရေးဖောင်ဒေးရှင်းသည် မကွေးမြို့နယ် တပ်ကုန်းအုပ်စု အင်းနက်ကျေးရွာ၏အရှေ့တောင်ဘက် မဟာမြိုင်တောရကျောင်းဝင်း၌ တည်ရှိပြီး ပညာရေးထောက်ပံ့ငွေများ လှူဒါန်းလိုပါက ဥက္ကဋ္ဌဆရာတော် ဦးသုဒဿန ဖုန်း-၀၉၇၉၃၇၆၀၉၆၉၊ ကိုလှစိုး ဖုန်း-၀၉၇၉၆၄၈၈၈၇၉၊ ဦးဝင်းဗိုလ် ၀၉-၇၉၈၈ ၂၃၁၅၆ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဖွဲ့ထက်ရှင်)**



## လက်ဟန်အမူအရာဖြင့် သရုပ်ဖော်ထားသော အီမီနမ်ရဲ့ Lose Yourself သီချင်း လူကြိုက်များ

အီမီနမ်၏နာမည်ကြီး Lose Yourself သီချင်းကို ရှယ်ဘီမတ်ချူဆန်က လက်ဟန်အမူအရာဖြင့် သရုပ်ဖော်ထားသည့် ဗီဒီယိုဖိုင်တစ်ခုကို အင်တာနက်တွင် ကြည့်ရှုသူများပြားခဲ့ပြီး သဘောကျနှစ်ခြိုက်ခဲ့ကြကြောင်း အင်တာနက်သတင်းစာမျက်နှာများတွင် ဖော်ပြခဲ့ကြသည်။

အဆိုပါဗီဒီယိုအား အင်တာနက်တွင်ပြီးခဲ့သည့်စက်တင်ဘာလက တင်ထားခဲ့ခြင်းဖြစ်သော်လည်း Reddit Video တွင်မေ ၂၈ ရက်က ပြန်လည်ဝေမျှခဲ့ရာ လူသိများလာပြီး သဘောကျနှစ်ခြိုက်သူများပြားလာခဲ့ခြင်းဖြစ်သည်။

ရှယ်ဘီမတ်ချူဆန်သည် ၎င်းသီချင်းကို သရုပ်ဖော်တင်ဆက်ရာ၌ စည်းချက်နှင့်အညီ ခံစားသရုပ်ဖော်တင်ဆက်သွားသည်မှာ အလွန်ပင်ကောင်းမွန်ကြောင်း "သီချင်းစာသားတိုင်းကို အမူအရာနဲ့သရုပ်ဖော်သွားတာ အလွန်ပီပြင်ပါတယ်။ အီမီနမ်ကိုယ်တိုင် သီချင်းလာဆိုနေသလိုပဲ ခံစားလိုက်ရတယ်"ဟု Reddit တွင် ရေးသားဖော်ပြထားသည်။

ယင်းဗီဒီယိုနှင့်ပတ်သက်၍ ရှယ်ဘီမတ်ချူဆန်က သီချင်းပုံဖော်ရသည်ကို အလွန်ချစ်မြတ်နိုးပြီး ပရိသတ်သဘောကျသည့် နာမည်ကြီးတေးသီချင်းများကိုလည်း ဆက်လက်ပြီး သရုပ်ဖော်ပေးသွားမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။

ရှယ်ဘီမတ်ချူဆန်သည် နားမကြားသောသူများအတွက် တေးသီချင်းခံစားနိုင်စေရန် သီချင်းများစွာကို အမူအရာဖြင့် သရုပ်ဖော်ခဲ့ပြီး ဆာရာ၏ I Will Remember You သီချင်းနှင့် Skillet အဖွဲ့၏ Sick of It သီချင်းများကိုလည်း သရုပ်ဖော်ထားပြီးဖြစ်သည်။

## MelOn Premiere Showcase တွင် သီဆိုဖျော်ဖြေခဲ့တဲ့ KARA

တောင်ကိုရီးယားကေပေါ့ပ်အဖွဲ့ KARA သည် မကြာသေးမီက CUPID တေးစီးရီးအယ်လ်ဘမ်ကို ထွက်ရှိခဲ့ပြီးနောက် MelOn Premiere Showcase တွင်အဆိုပါအသစ်ထွက်ရှိထားသည့် အခွေထဲမှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

အဆိုပါပွဲ၌ အဆိုတော်အမျိုးသမီးငါးယောက်ပါဝင်သော KARA အဖွဲ့သည် CUPID သီချင်း အပါအဝင် Back Then I Just ကိုသီဆိုခဲ့ပြီး နောက်ဆုံးတွင် Starlight တေးသီချင်းကို သီဆိုကာ ဖျော်ဖြေမှုကို အဆုံးသတ်ခဲ့သည်ဟုဆိုသည်။

Starlight သီချင်းကိုမသီဆိုမီ ဆောယွန်က သူတို့အဖွဲ့အနေဖြင့် ဆက်လက်ပြီး ပရိသတ်များအတွက် အကောင်းဆုံးကြိုးစားသွားမည်ဖြစ်ကြောင်းပြောကြားသွားခဲ့ပြီး CUPID အယ်လ်ဘမ်တွင်ပါဝင်သော ကကွက်များဖြင့် ဖျော်ဖြေကာ တင်ဆက်သွားခဲ့သည်။

မေ ၂၆ ရက်တွင် ဖြန့်ချိခဲ့သည့် CUPID တေးစီးရီးအယ်လ်ဘမ်တွင် KARA အဖွဲ့ဝင်များ၏ အသံအနေအထားကောင်းမွန်မှုနှင့် လှပဆန်းသစ်သောကကွက်များကြောင့် ပရိသတ်၏ စိတ်အာရုံကိုဖမ်းစားနိုင်ခဲ့ပြီး ယင်းအခွေနှင့်အတူ သီချင်းခြောက်ပုဒ်ပါဝင်သည့် မီနီအယ်လ်ဘမ် In Love ကိုလည်းထိုနေ့တွင်ပင် ဖြန့်ချိခဲ့ကြောင်းသိရသည်။



## တေလာဆွစ်ရဲ့ လေးကြိမ်မြောက်နံပါတ်တစ် Bad Blood

အမေရိကန် ပေါ့ပ်အဆိုတော်တေလာဆွစ်၏ နောက်ဆုံးထွက်ရှိခဲ့သော တေးစီးရီးမှ "Bad Blood" သီချင်းသည် ဘေဘုတ်ပေါ်တွင် မှတ်တမ်းတင်ခြင်းခံရသော ရေပန်းအစားဆုံးသီချင်း ၁၀၀အနက် နံပါတ်တစ်အဖြစ် ထိပ်ဆုံးမှရပ်တည်နေခဲ့သည်။

ယခုတစ်ကြိမ်ဘေဘုတ်တွင် နံပါတ်တစ်နေရာမှရပ်တည်နိုင်ခြင်းသည် တေလာဆွစ်အတွက် လေးကြိမ်မြောက် နံပါတ်တစ်နေရာရခဲ့ခြင်းဖြစ်ကာ လွန်ခဲ့သော သီတင်းခြောက်ပတ်အတွင်းကမူ အဆိုပါနေရာကို ဝစ်ဇ်ကာလီဖာ၏ "See You Again" က ပိုင်ဆိုင်ထားခဲ့သည်။

အဆိုပါသီချင်း "Bad Blood" သည် စတင်ထုတ်လွှင့်ခဲ့သည့်ရက်ပိုင်းက ဘေဘုတ်တွင် နံပါတ်၅၃နေရာတွင်ရှိနေခဲ့ပြီး သီတင်းပတ် တစ်ပတ်ခန့် အကြာတွင် ယခုကဲ့သို့ နံပါတ်တစ်နေရာကို ရောက်ရှိခဲ့ခြင်းဖြစ်သည်။ နယ်လ်ဆန်းတေးဂီတ၏ အဆိုအရ ယခုသီတင်းပတ်အပြီးတွင် ယင်းသီချင်းအတွက် အင်တာနက် ပေါ်မှ ကူးယူခဲ့မှုပေါင်း သုံးသိန်းရှစ်သောင်းငါးထောင်ခန့်အထိ ရှိခဲ့ပြီးဖြစ်သည်။ တေလာဆွစ်၏ အခြားသောနံပါတ်တစ်နေရာ ရရှိခဲ့ဖူးသည့် သီချင်းများမှာ ၂၀၁၂ ခုနှစ်က ထုတ်လွှင့်ခဲ့ပြီး သုံးပတ်အတွင်းရောက်ရှိခဲ့သော We Are Never Ever Getting Back Together၊ ၂၀၁၄ ခုနှစ်က ထုတ်လွှင့်ပြီး လေးပတ်အတွင်းရောက်ရှိခဲ့သည့် Shake It Off နှင့် ခုနစ်ပတ်အတွင်း နံပါတ်တစ်ရရှိခဲ့သော ၂၀၁၄-၁၅က ထုတ်လွှင့်ခဲ့သည့် Blank Space တို့ဖြစ်သည်။

## ကိုယ့်ကိုယ်ကိုယ် မုန်းတီးနေပြီဆိုတဲ့ ခရစ်ဘရောင်း

ဆုမြတ်နှင့်အေးပြည့် ရေးသားသည်

**အမေရိကန်ပေါ့ပ်အဆိုကျော် ခရစ်ဘရောင်းက မေ ၂၈ ရက်တွင် သူ၏အင်စတာဂရမ်စာမျက်နှာပေါ်၌ စိတ်ခံစားမှုများကို ဖွင့်ဟထားသော စာတစ်စောင်ရေးသားခဲ့ပြီး ထိုစာတွင် သူ၏ အချစ်ရေး၊ ဒေါသ၊ မနာလိုမှုများနှင့် အနုပညာလုပ်ငန်းများအပေါ် ခံစားခဲ့ရမှုများကိုပါ ပွင့်အန်ချပြခဲ့သည်။**



သူ၏စာတွင် ကမ္ဘာလောကကြီးသည် အဆိုးမြင်ဝါဒီများလွှမ်းမိုးနေပြီး ထိုကမ္ဘာကြီးထဲတွင် သူကိုယ်တိုင်တစ်ဦးအပါအဝင်အဖြစ် လှုပ်ရှားရှင်သန်နေရကာ ပြုလုပ်ခဲ့သောရွေးချယ်မှုများ၊ အမှားများအတွက် အဆိုးမြင်ခံနေရမှုအပေါ် လက်ခံနိုင်ရန်ကြိုးစားနေရကြောင်းဖြင့် ရေးသားထားသည်။

ဘရောင်းက "ကျွန်တော့်ကိုယ် ကျွန်တော် အချစ်ရဲ့အဓိပ္ပာယ်ကို နားလည်ပြီလို့ထင်ခဲ့တာ၊ ကျော်ကြားမှုနဲ့ငွေကြေးရနိုင်မယ့်နည်းလမ်းတွေ ရောသိပြီလို့။ ဒါပေမယ့် တွေ့ကြုံခဲ့ရတဲ့ ပြဿနာအများစုက အဲဒီအချစ်ဆိုတဲ့အရာ၊ နောက်ခံစားမှု၊ ဒါတွေနဲ့ပဲ ပတ်သက်နေတယ်။ နောက်ပြီး မနာလိုမှုတွေ၊ ဒေါသတွေနဲ့ အမြဲရင်ဆိုင်နေရတယ်"ဟု သူ၏ စိတ်ခံစားမှုနှင့် သက်ဆိုင်သော ပြဿနာများကို ရင်ဖွင့်ထားသည်။

"ကျွန်တော်မှန်ကြည့်လိုက်တဲ့အချိန် အဲဒီမှန်ထဲမှာတွေ့နေရတဲ့ ကျွန်တော့်ကိုယ်ကျွန်တော် အလွန်မုန်းတီးမိတဲ့အချိန်တွေရှိတယ်။ ဘုရားသခင် ကျွန်တော့်ကို ပေးသနားခဲ့တဲ့အရာတွေက အများကြီးပါ။ သူ့ရဲ့လက်ဆောင်တွေကို ကျွန်တော့်ရဲ့ ပုဂ္ဂလိက ခံစားမှုအတွက် ဖြုန်းတီးခဲ့မိတယ်လို့ ခံစားရတယ်"ဟုလည်း ဘရောင်းက ရေးသားထားသည်။

ဆက်လက်၍သူက ဘဝကို အရှုံးပေးထားကာ ဘုရားသခင်၏ ကောင်းချီးပေးမှုများကိုလည်း စွန့်လွှတ်ထားခဲ့ပြီဖြစ်ကြောင်း ဆိုခဲ့သေးသည်။

ဂရမ်ဆုများရှင် ခရစ်ဘရောင်းသည် ယခုနှစ်များတွင် ဂီတနှင့်ပတ်သက်သည့်ပြဿနာထက် လူမှုရေး အထူးသဖြင့် မေတ္တာရေးနှင့်ပတ်သက်သည့် ပြဿနာများဖြင့် ရှုပ်ထွေးနေခဲ့သည်။ သူသည် ပေါ့ပ်ဂီတလောက၏ ဘုရင်မဟုပင်ဆိုရလောက်အောင် ကျော်ကြားသော အဆိုတော် ရီဟားနားနှင့် ချစ်ကြိုက်ခဲ့ဖူးကာ ပြီးခဲ့သည့် အင်္ဂါနေ့က သူ၏ချစ်သူဟောင်းတစ်ဦးဖြစ်သော မော်ဒယ်နှင့် သရုပ်ဆောင်မင်းသမီး ကာရူအီချီထရန်နှင့် ဓာတ်ပုံတွဲရိုက်ခဲ့သည့် မော်ဒယ်တေးစန် ဘက်ခ်ဖော့ဒ်ကို ဝေဖန်ခဲ့သည့်အတွက် တောင်းပန်ခဲ့ရသေးသည်။ သူ၏ချစ်သူဟောင်း ထရန်ကလည်း ဘရောင်းနှင့်သူ၏ဇာတ်လမ်းအဆုံးသတ်ပြီဖြစ်ကာ အတူလက်တွဲခဲ့သည့် ကာလအတွင်း အခြားအမျိုးသမီးတစ်ဦးနှင့် သားသမီးရခဲ့သည့်အတွက် လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ရေဒီယိုအင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

## ရုပ်မြင်သံကြားအစီအစဉ်

၃၀ - ၅ - ၂၀၁၅ (စနေနေ့)

### မြဝတီ

နံနက်ပိုင်း
- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁း၀၀ English For Myanmar
- ၁၁း၃၀ မြန်မာသံစဉ်ချိုနားဝင်
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် ဘာလာလာပိုက်ကြီး ကျော်ရဲအောင်၊တင့်တင့်ထွန်း၊ အေးမြတ်သူနှင့် သရုပ်ဆောင်များ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း စက်ရုပ်ချစ်သူ (အပိုင်း-၂၂)
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၃၀)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပန်းခူးသူဆူးစူးပါစေ (အပိုင်း-၄၇)
  - လူရွှင်တော်စတား
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - မေတ္တာဖွဲ့ကြိုး (အပိုင်း-၅၁)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် + အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၈း၃၅ Cartoon Series (Go Torara Go)
- ၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၃)
- ၉း၃၅ Drive It
- ၁၀း၀၅ ခေတ်သစ်ပျိုမေ
- ၁၀း၅၀ သားရှင်ပြုအလှူတော်မင်္ဂလာ
- ၁၁း၀၅ Star တို့ရဲ့လက်ရာ
- ၁၁း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၃၃+၃၄)
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ခါးနဲ့တူသောသား (အပိုင်း-၂)]
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၅)
- ၃း၄၀ Fashion Week (Designer Twin Su Htwe)
- ၅း၀၅ အတွေးမျဉ်းပြိုင်များ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၆)
- ၇း၂၀ Let's Talk
- ၇း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်၏စေရာ (အပိုင်း-၁)]
- ၈း၃၀ Weekly Sports Diary
- ၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၄)
- ၉း၃၀ Forever Music Tribute လပြည့်ဝန်းသို့တမ်းချင်းည [ကိုနေဝင်းမရှိမလှိုင်း နှစ် (၃၀) ခရီး] (အပိုင်း-၂)
- ၁၀း၁၀ Education Talk [မိဘဆရာအသင်းဖွဲ့စည်းဆောင်ရွက်ခြင်း (အပိုင်း-၂)]
- ၁၀း၃၅ MRTV-4 Stage
- ၂း၅၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
- ၃း၄၅ နားလည်မှုမလွဲစေချင်

### mitv

- Live: U-20 World Cup 2015 (Myanmar Vs. USA)
- Great Shwedagon: The Planetary Posts
- Kay Tu Mar Lar "The Decision"
- Myanmar Railways City Circular Train
- Myanmar Traditional Festival
- Natural Lake: Fish Breeding Business
- Living Myanmar Glazed Ceramics
- Inspiration
- A Trip To The City Of Rakkhita, Rakhine
- Marketable Goods (Myanmar Arts & Handicrafts)
- Food Trip (Ep-8) (Part-2)
- The Stories Of The Great Souls (Daw Saw Mone Nyin- A Living Literary Legend Of Myanmar)
- Myanmar Masterclass "Aung Thiha"
- Moe Ne' Keeps Its Tradition Alive
- Distinguished Myanmar Ladies "Ma Myint Zu"
- Indian Footsteps
- Charming & Fragrant Sabai
- Grow Back for Posterity "The dawn of development"
- Kid's Home
- Wedding Planner "Aye Thida Win Aung"
- Travel To The Southern Part of Shan State (Kalaw)
- Thread Charm "A Kayin Threading Ceremony"
- Ambassador's View: Singapore-Myanmar Bilateral Ties
- Let's Enjoy Fish Crispy

# တိဗက်ဇ်၏ ခြေစွမ်းမှာ ဘာစီလိုနာအတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာလိမ့်မည်ဟု မက်ဆီသတိပေး

ဘာစီလိုနာတိုက်စစ်မှူးမက်ဆီက ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဂျူဗင်တပ်တိုက်စစ်မှူး တိဗက်ဇ်အား အထူးသတိထားကာကစားသင့်သည်ဟု ဘာကာအသင်းဖော်များအား အကြံပြုပြောကြားခဲ့သည်။ တိဗက်ဇ်မှာ လက်ရှိတွင်အကောင်းဆုံးပုံစံပြန်ရနေပြီး ဘောလုံးရရှိရန် ကွင်းလယ်အထိ ဆင်းကာ အတက်အဆင်းပြုလုပ်၍ ကစားနိုင်ခဲ့သလို တွဲဖက်တိုက်စစ်မှူးမိုရာတာဂိုးသွင်းခွင့်ရရှိရန်အတွက်လည်း အယောင်ပြကစားကွက် ဖန်တီးပေးမှုများကို ထိထိရောက်ရောက်ပြုလုပ်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် မက်ဆီက ဘာစီလိုနာမှာ ဂျူဗင်တပ်ထက် ဗိုလ်စွဲရန်ပိုမိုရေပန်းစားနေသော်လည်း ဂျူဗင်၌ တိဗက်ဇ်ကဲ့သို့ အရည်အသွေးမြင့်ကစားသမားကောင်းများစွာရှိနေရာ ပွဲအစအဆုံး အာရုံစူးစိုက်မှုအပြည့်ဖြင့် ယှဉ်ပြိုင်ကစားသွားရန် အသင်းဖော်များအား သတိပေးစကားပြောကြားခဲ့ခြင်းဖြစ်သည်။

မက်ဆီက “ ကျွန်တော်တို့ တကယ့်ကိုခက်ခဲတဲ့ပြိုင်ဘက်နဲ့ ရင်ဆိုင်ရတော့မှာပါ။ ဂျူဗင်တပ်က ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအပြည့်ရှိတဲ့အသင်းဖြစ်ပြီး တိဗက်ဇ်တို့လို ထိပ်တန်းကစားသမားမျိုးလည်း ပိုင်ဆိုင်ထားပါတယ်။ ဗိုလ်လုပွဲမှာ ဘာမဆိုဖြစ်သွားနိုင်ပြီး ဘာကာအနေနဲ့ သတိထားရတော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဘာကာအနေနဲ့လည်းပြုလုပ်နေကျအတိုင်း အသေးစိတ်ပြင်ဆင်မှုတွေ ပြုလုပ်နေတဲ့အတွက် စိုးရိမ်ပူပန်မှုတော့ကြီးကြီးမားမား မခံစားရပါဘူး ”ဟုပြောကြားခဲ့သည်။

တိုက်စစ်မှူးတိဗက်ဇ်က ဘာစီလိုနာကို အနိုင်ရရန်မှာ ပြည့်စုံသည့်စံနှုန်းထက်ကျော်လွန်သည့် သတ်မှတ်ချက်တစ်ခု ပိုင်ဆိုင်မှသာ ဖြစ်နိုင်မည်ဟု ပြိုင်ဘက်အသင်းအား ချီးကျူးစကားဆိုခဲ့သည်။

လာမည့် ဇွန် ၆ ရက်တွင် ဘာလင်၌ ချန်ပီယံလိဂ်ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ဂျူဗင်တပ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။





# ယူရိုပါလိဂ်အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့တဲ့ ဆီဗီလာ

မေ ၂၈ ရက် နံနက်ပိုင်းက ပိုလန်နိုင်ငံ ဝါဆောမြို့မှာကျင်းပခဲ့တဲ့ ယူရိုပါလိဂ် ဗိုလ်လုပွဲ ပွဲစဉ်မှာ လက်ရှိချန်ပီယံဆီဗီလာ အသင်းကပဲ ယူကရိန်းကလပ် ဒီနီပရိုကို သုံးဂိုး-နှစ်ဂိုးနဲ့အနိုင်ယူကာ လက်ရှိ ချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်ခဲ့ပါတယ်။ ဆီဗီလာဟာ ပွဲအစကတည်းက အချိတ်အဆက်မိမိနဲ့ ဒီနီပရိုဘက်ကို ထိုးဖောက်ကစားနိုင်ခဲ့ပေမယ့် တကယ်တမ်း ဦးဆောင်ဂိုးစတင်ရရှိခဲ့တဲ့ အသင်းက ဒီနီပရိုဖြစ်ခဲ့ပြီး နီကိုလာကာလီနစ်က ပွဲအစ ၇ မိနစ်မှာပဲ ဒီနီပရိုအတွက် အဖွင့်ဂိုးကို သွင်းယူပေးခဲ့ပါတယ်။

ဦးဆောင်ဂိုးသွင်းခံခဲ့ရပြီးတဲ့နောက် ဆီဗီလာဘက်မှ တရစပ်တိုက်စစ်ဖွင့်ကစားလာခဲ့ရာ ပွဲချိန် ၂၈မိနစ်မှာ ခရူခိုးဝီယက်၊ ၃၁မိနစ်မှာ ကားလို့စ်ဘက်ကာတို့က သုံးမိနစ်အတွင်းချေပဂိုးနှင့် ဦးဆောင်ဂိုးများ သွင်းယူပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီဦးဆောင်ဂိုးဟာ ကြာကြာမခံခဲ့ဘဲ ပထမပိုင်းပြီးခါနီး ပွဲကစားချိန် ၄၄မိနစ်မှာ ဒီနီပရိုအသင်းခေါင်းဆောင် ရိုတန်က ချေပဂိုးသွင်းယူခဲ့ပြန်ပါတယ်။ ပွဲကစားချိန်၇၃မိနစ်အရောက်မှာတော့ ကားလို့စ်ဘက်ဘာက ဆီဗီလာအသင်းကို ချန်ပီယံဖြစ်စေမယ့်အနိုင်ဂိုးကိုသွင်းယူပေးခဲ့တာကြောင့် ဆီဗီလာဟာ ယူရိုပါလိဂ်သမိုင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆီဗီလာဟာ ယူရိုပါလိဂ်ဖလား(ယခင် ယူအီးအက်ဖ်အေဖလား)ကို ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်တွေမှာ ဆွတ်ခူးရရှိခဲ့တဲ့အတွက် ဗိုလ်လုပွဲတက်ရောက်နိုင်တိုင်းလည်း ဗိုလ်စွဲနိုင်ခဲ့တဲ့အသင်းအဖြစ် စံချိန်သစ်တစ်ခုကိုပါ ထပ်မံရရှိသွားခဲ့ပါတယ်။

ဒါ့အပြင်ယခုကဲ့သို့ ယူရိုပါလိဂ်မှာ ဗိုလ်စွဲနိုင်ခဲ့တဲ့အတွက် ဆီဗီလာအနေနဲ့ ဆုကြေးငွေယူရိုငါးသန်းအပြင် ချန်ပီယံလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပါ အပိုဆောင်းဆုတစ်ခုအဖြစ် ထပ်မံရရှိခဲ့ပါတယ်။ ဒါကြောင့်နောက်နှစ်မှာစပိန်အသင်းတွေဖြစ်တဲ့ ဘာစီလိုနာ၊ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကို၊ဗလင်စီယာ တို့နဲ့အတူ ဆီဗီလာပါချန်ပီယံလိဂ်ဝင်ရောက်ကစားမှာဖြစ်တဲ့အတွက် ချန်ပီယံလိဂ်မှာစပိန်ကလပ်ငါးသင်းအထိ ပါဝင်လာမှာဖြစ်ပါတယ်။



## ကမ္ဘာ့ဖလားအောင်မြင်မှုဖိအားဒဏ်ကို အိုဇေးလ်နှင့် မိမိတို့ကျော်လွှားရန်ကြိုးပမ်းခဲ့ရဟု မာတီဆက်ကာဖွင့်ဟ

အာဆင်နယ်နောက်ခံလူ မာတီဆက်ကာကရင်းနှင့် အသင်းဖော် အိုဇေးလ်တို့နှစ်ဦးစလုံး ရာသီအစတွင် ကမ္ဘာ့ဖလား အောင်မြင်မှု ဖိအားဒဏ်ကြောင့် ပုံမှန်ခြေစွမ်းမျိုးရရန် ရုန်းကန်ခဲ့ရသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ပထမ ရာသီဝက်ခန့်က မာတီဆက်ကာ၏ခြေစွမ်းအပေါ် အပြင်းအထန်ဝေဖန်မှုများရှိခဲ့ပြီး တစ်ချိန်တည်းမှာပင် အိုဇေးလ်ကလည်း ဒဏ်ရာပြဿနာများ ကြုံတွေ့ခဲ့ရရာ ၎င်းတို့နှစ်ဦးလုံး ကမ္ဘာ့ဖလားချန်ပီယံခြေစွမ်းမျိုး မပြသနိုင်ခဲ့သည့်အတွက် ပရိသတ်များအားမလိုအားမရဖြစ်ခဲ့ကြသည်။

မာတီဆက်ကာ“ပထမတော့ ဒါကို ဘယ်လိုထိန်းကျောင်းရမလဲဆိုတာ ကျွန်တော်မသိခဲ့ဘူး။ ကျွန်တော်ရော မီဆပ်(အိုဇေးလ်)ရောဒဏ်ရာပြဿနာတွေ ကြုံတွေ့ခဲ့ရပြီး ကြံ့ခိုင်မှုပြည့်ဝဖို့ကြိုးပမ်းနေရသလို တစ်ဖက်မှာလည်း ကမ္ဘာ့ ချန်ပီယံဆိုတဲ့ ဖိအားဒဏ်ကိုခံစားခဲ့ရပါတယ်။ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမပြည့်ဝချိန်မှာ ဝေဖန်ထိုးနှက်မှုတွေကြောင့်လည်း ဖိအားအောက်ကို လုံးဝရောက်ရှိသွားခဲ့တဲ့ အနေအထားပါ။ အခုတော့လည်း တည်တည်ငြိမ်ငြိမ်နဲ့အရာ အားလုံးကို ကျော်လွှားနိုင်ခဲ့ပါပြီ”ဟု ပြောကြားခဲ့သည်။

# လီဗာပူး၏ ကမ်းလှမ်းမှုကို ပယ်ချရန် ဘန်တီကီအား တင်ရှားဝုဒ် အကြံပြု

တိုက်စစ်မှူးဘန်တီကီအနေဖြင့် ဥရောပထိပ်တန်းအသင်းကြီးများတွင်ကစားခွင့်ရရန် လီဗာပူး၏ ကမ်းလှမ်းမှုကို ပယ်ချကာ ဗီလာတွင်သာ နောက်တစ်ရာသီ ဆက်လက်ကစားသင့် သည်ဟု ဗီလာနည်းပြ တင်ရှားဝုဒ်က အကြံပြုပြောကြားခဲ့သည်။ ဘန်တီကီအား ခေါ်ယူရန် လီဗာပူးဘက်မှ အရှိန်မြှင့်ကြိုးပမ်းနေရာ တင်ရှားဝုဒ်က လီဗာပူးသို့ပြောင်းရွှေ့ကစားခဲ့ပါက ဘန်တီကီ၏ အနာဂတ်မှာ ရပ်တန့်သွားပြီး ရှေ့လျှောက် ထပ်မံတိုးတက်မှုရှိမည်မဟုတ်ဟု ဆိုခဲ့သည်။

ဗီလာဘက်မှ အဆိုပါ တိုက်စစ်မှူးအတွက် ပေါင် ၄၂ သန်း ပေးချေမှ ရောင်းချမည်ဟု တုံ့ပြန် ထားခဲ့သော်လည်း နောက်ဆုံးကစားခဲ့ သည့် ရှစ်ပွဲတွင် ကိုးဂိုး အထိ သွင်းယူနိုင်ခဲ့သော ဘန်တီကီအား ၂၀၁၆ ဥရောပဖလား ပြီးဆုံးမှ သာ နည်းပြ တင်ရှားဝုဒ်က ဗီလာမှထွက်ခွာစေလိုသည်။

“စာချုပ်ပါအချက်တွေ အရ သူ့ကို တားထားလို့ မရဘူးဆိုတာ သိပါတယ်။ အခုလို ဥရောပဖလားပြိုင်ပွဲ နီးကပ်နေချိန်မှာ သူဘယ်လ်ဂျီယံ လက်ရွေးစင်အသင်းမှာ ပါဝင်ခွင့်ရဖို့ ဗီလာမှာပဲ ဆက်ကစားသင့်ပါတယ်။ သူဒီမှာ ဆက်နေရင် နောက်ဘောလုံးရာသီမှာ တစ်ရာသီတည်း ဂိုး ၂၀ နဲ့ ၃၀ ကြား သွင်းယူနိုင်ပါလိမ့် မယ်။ ဒါဆို ဥရောပဖလားအတွက် ဦးစားပေး တိုက်စစ်မှူးအဖြစ် ကစားခွင့်ရဖို့ ပိုပြီးအလားအလာကောင်းသွားမှာဖြစ်သလို ကံကောင်းရင် ရီးယဲလ်လို အသင်းကြီးအတွက်တောင် ကစား ခွင့်ရလာနိုင်ပါတယ်”ဟုတင်ရှားဝုဒ်က ပြောကြားခဲ့သည်။



ရှိုင်ယန်ဟောင် စုစည်းသည်

## ဒန်နီအင်းစ်အားခေါ်ယူရန် စပါးကြိုးပမ်း

ဘန်လေတိုက်စစ်မှူး ဒန်နီအင်းစ်ကိုပေါင် ၁၂သန်းဖြင့် ခေါ်ယူရန် စပါးကအသင့်ပြင်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။

လာမယ့်ဇွန်လကုန်မှာ ဘန်လေနဲ့ စာချုပ် သက်တမ်းကုန်ဆုံးတော့မယ့် ဒီကစားသမားကို ခေါ်ယူဖို့ လီဗာပူးက ကြိုးပမ်းနေသလို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခွင့်ရမယ့် သူ့ကိုပရီမီယာလိဂ်အသင်းတော်တော်များများက စိတ်ဝင်စားနေတာ ဖြစ်ပါတယ်။အင်းစ်ကို ဘုန်းမောက်အသင်းကနေ လွန်ခဲ့တဲ့လေးနှစ်ကတည်းက ဘန်လေက ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဒီရာသီမှာ ကလပ်အသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ၁၁ ဂိုး သွင်းယူပေးထားခဲ့ပေမယ့် ဘန်လေကို ပရီမီယာလိဂ်မှာ တင်ကျန်နိုင်လောက် အောင် တော့ အင်းစ်အနေနဲ့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် အင်းစ်က သူ့အနေနဲ့ လောလောဆယ် နွေရာသီကာလနားရက်ရတုန်းမှာ အပြည့်အဝအနားယူချင်ပြီး အပြောင်းအရွှေ့ကိစ္စကို ကိုယ်စားလှယ်ဖြစ်သူနဲ့ သေချာတိုင်ပင်ပြီးမှသာ ဆုံးဖြတ်ချက်ချသွားမယ်လို့ဆို ပြောခဲ့ပါတယ်။

# ပရိယတ္တိသာသနာနှင့်နယုန်လ

ဒေါက်တာမောင်ဖြေ

"---နွေသနစ်ပေမို့ ရေမြစ်ကယ်သီတာဝယ်၊ ဖီလာလာစုံခြေနှင့်၊ ရဂုံနေသာဟန်မို့ ခါဂိမှာန်မေထုန်ကို၊ သိန်တပုံသွင်ထူးပြန်တောလဲ၊ မင်းဖူးရောင်----"

ရာသီကနွေရာသီကုန်ဆုံးခါနီးဖြစ်ပါလျက် ရေတွေကအရှေ့၊ အနောက်၊ တောင်၊ မြောက်ဖီလာထုတ်ချောက် တဖွေးဖွေးနှင့်ရှိနေတော့သည်။ စုံခြေ တစ်လျှောက်အပြိုင်ပေါက်နေသည့် သစ်ပင်တို့ကလည်း ရှေးကနှင့်မတူ ရွက်ညွန့်တွေတလူလူနှင့် သူနိုင်ငါနိုင်အလှချင်းပြိုင်ကာ ဂနိုင်တစ်ခိုမှာ စိုပြည်သာယာလှပါဘိတော့သည်။ ကောင်းကင်တစ်ခွင်ဆို မင်ခဲတောင်ကြီးပြိုသလို မှိုင်းလို့သာညိုတော့သည်။ ရာသီမေထုန် ဤလနယုန်သည် မိုးဒေဝါနှင့်ယဉ်ပါးဆက်ဆံပြီး သွင်ပုံတော်အသစ်နှင့် ဘဝသစ်ထူထောင်နေသည့်အလားရှိနေပါတော့၏ဟု အနက်အဓိပ္ပာယ်ရှိဖွယ်ရာသော ကုန်းဘောင်ခေတ်တွင် ထင်ရှားသည့် စာဆိုကျော် ဦးမင်းက သူ၏တွေ့ကြုံခဲ့သည့် ရာသီမေထုန်လနယုန်မှ အဖြစ်သနစ်ပုံရိပ်တို့ကို မြင်စေထင်စေအောင် ဖော်ကျူးထားခဲ့သည်။

ကဆုန်လ၏အပူရှိန်သည် နယုန်လသို့ရောက်လျှင် လက်မြှောက်အရှုံးပေးစပြုလာ၏။ နယုန်မိုးသေးမြက်သားမွေးဟု စကားစဉ်ရှိသော်လည်း ယေဘုယျအားဖြင့် နယုန်မိုးသည် မိုးဦးနိဒါန်းမျှသာဆိုနိုင်သည်။ ရွာလတ္တံ့သော အနာဂတ် မိုးများနှင့်နှိုင်းစာလျှင် မိုးသေးမိုးဖွဲဟုတင်စားခေါ်ဝေါ်ကြ၏။

**နယုန်လအဓိပ္ပာယ်**

ပုဂံခေတ်၊ အင်းဝခေတ်ထိုးကျောက်စာတို့၌ နံယုန်၊ နယုန်၊ နံမျုန်ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ဒုတိယရှင်ပုညကာမိစီရင်သော ဘုန်းမီးထက်လျှံချီမှန်စီသတ်ပုံတွင် "တန်ခူးကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွှင့်မြူးလိမ်း" ဟုလည်းကောင်း၊ သက္ကရာဇ် ၁၀၈၈ ခုနှစ်ပြီးသည့် သီရိမင်္ဂလာသတ်ပုံတွင် "ကဆုန် နမျုန်၊ ကြိုးသုန်သုန်၊ နယုန် နသတ်မြန်း" ဟုလည်းကောင်း လာရှိသည်တို့ကို ထောက်လျက် ဒုတိယအင်းဝခေတ်၌ "နမျုန်"ဟုလည်းအရေးအသားရှိကြောင်း သိရ၏။

နယုန်၏ရင်းမြစ်မှာ "နရယုဂ" ဟူသော ပါဠိပုဒ်ဖြစ်၏။ နရယုဂသဒ္ဒါ ပျက်၍ နယုန်ဖြစ်လာသည်ဟုယူရန်ရှိ၏။ မေထုန်ရာသီ၏ အမည်များကို ရာဇမတ္တဏ်ကျမ်း ရာသီဘိဓာနအပိုင်း၌ ဇီတုမ၊ မိထုန၊ နရယုဂဟုသုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင် "နရယုဂ"မှ မေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏။

အဓိပ္ပာယ်မှာ မိန်းမယောကျ်ားအစုံ(နရ=လူ+ယုဂ=အစုံ)ဟုဆိုလို၏။ ဤသို့ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ပြ ဆိုထား၏။ ထိုကျမ်းဆရာ၏အလိုမှာ မေထုန်ရာသီဟော နရယုဂသဒ္ဒါမှ နရယုဂ်ဖြစ်လာပြီး နရယုဂ်မှ နယုန်ဖြစ်လာသည်ဆို၏။

**မဟာသမယအခါတော်နေ့**

သုံးလောကထွတ်ထား၊ မြတ်စွာဘုရားရှင်လက်ထက်တစ်ခုသော နယုန်လအခါသမယတွင် မိုးခေါင်ရေရှားမှုဖြစ်ပွားရာ ရောဟိနီမြစ်ရေကို အားကိုးနေကြရသော ကပိလဝတ်နှင့်ကောလိယတိုင်းသားတို့ ရေလုမှုဖြင့် အချင်းများ၍ စစ်ပြင်သည့်အချိန်သို့ရောက်လာခဲ့၏။

ထိုစဉ်တွင် မြတ်ဘုရားရှင်သည် ကောင်းကင်ယံမှကြွရောက်လာတော်မူ၏။ ငြိမ်းချမ်းရေးတရားမြတ်ဖြစ်သော ဇာတ်တော်(ငါး)ဇာတ်ကိုဟောကြားတော်မူ၏။

ထို့နောက် မဟာဝုန်တောသို့ ကြွရောက်ကာ နယုန်လပြည့်နေ့တွင် စကြာဝဠာတစ်သောင်းမှ နတ်ပြဟ္မာအပေါင်း တို့အား မဟာသမယသုတ်တော်ကို ဟောကြားတော်မူခဲ့ခြင်းအား အစွဲပြု၍ နယုန်လပြည့်နေ့တွင် "မဟာသမယ" သုတ်တော်ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသော "မဟာသမယအခါတော်နေ့" ပွဲဆင်ယင်ကျင်းပကြ၏။

**လယ်ထွန်မင်္ဂလာ**

နယုန်လသည် ဘုရားရှင်လက်ထက်တော်အခါကပင် လယ်ယာလုပ်ငန်းခွင်တွင်စတင်၍ ထွန်ယက်ခြင်းအမှုပြုခဲ့ပုံကို ဇိနတ္ထပကာသနီ၌ သိဒ္ဓတ္ထမင်းသားကိုဖွား၍ တစ်လမြောက်သောအခါ ခမည်းတော်မင်းတရားသည် များစွာသော မှူးမတ်ဗိုလ်ပါအခြံအရံတို့နှင့်ထွက်ချီစံပယ်၍ လယ်ထွန်မင်္ဂလာကျင်းပတော်မူသည်"ဟု ဖော်ပြခဲ့၏။

မင်းတုန်းမင်းကြီး၏ လယ်ထွန်မင်္ဂလာကိုလည်း "ဆဒ္ဒန်ရှင်ရွှေထွန်နှင်တယ်၊ ကျွန်းခွင်က အေးလေ့" အစချီ၍ သံတော်ဆင့် မြို့စားဦးစီးက ပုံကြီးသံကို ဖွဲ့ဆိုခဲ့၏။ ဤလတွင် ဘုရင်များကိုယ်တိုင်လယ်ထွန်မင်္ဂလာပွဲသဘင်ကို ပြုလုပ်ကာ စိုက်ပျိုးရေးကိုအားပေးခဲ့ကြသည်။

**ရှေးခေတ်ပညာရှင်ရွေးပွဲ**

ပုဂံအနော်ရထာ(အနိရုဒ္ဓ)ဘုရင်မှစ၍ ရှေးမြန်မာဘုရင်အဆက်ဆက်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင်ဘုရင်များဖြစ်ကြသည့်အလျောက် မိမိတို့လက်ထက်တော်အခါတွင် သာသနာတော်ပြန့်ပွားတိုးတက်ထွန်းကားရေးကို စွမ်းအားရှိသရွေ့ ချီးမြှောက်အားပေးခဲ့ကြသည်။

သာသနာတော်သုံးရပ်တွင် ပိဋကတ်စာပေဟူသော ပရိယတ္တိသာသနာတော်သည် အရေးကြီးဆုံး၊ အခြေခံအကျ ဆုံးဖြစ်ကြောင်း ကောင်းစွာသိတော်မူ၏။ ပရိယတ္တိသာသနာတော်တည်မှ ကျန်သာသနာများတည်တံ့နိုင်ရကား ပရိယတ္တိသာသနာမှာ သာသနာသုံးရပ်၏ အသက်သွေးကြောဖြစ်၏။

ရှေးခေတ်အခါက ဖြစ်ထွန်းနေသော ဘုန်းကြီးကျောင်းပညာရေးကိုလည်း အထူးအားပေးလို၏။ ထိုဘုန်းကြီး ကျောင်းပညာရေးက မွေးထုတ်ပေးလိုက်သော ပညာရှင်များကိုလည်း လောကသာသနာနှစ်ဖြာလုံးတွင် အသုံးချရန်ဆန္ဒရှိ၏။

ထို့အတွက်ကြောင့် ရှေးမြန်မာဘုရင်များသည် ပရိယတ္တိသာသနာတိုးတက်ပြန့်ပွားရန်နှင့်ပညာရှင်များ ထွန်းကား လာရန်ဟူသောဆန္ဒဖြင့် ပထမစာတော်ပြန်ပွဲကို နယုန်လ၏ ရာသီပွဲတော်အဖြစ် တခမ်းတနားပြုလုပ်ကျင်းပခဲ့ခြင်း ဖြစ်၏။

မြန်မာမင်းများကျင်းပခဲ့သည့် စာတော်ပြန်ပွဲသည် မြန်မာ့တက္ကသိုလ်စာမေးပွဲများပင်ဖြစ်၏။ ထိုစာတော်ပြန်ပွဲများ မှ လူကောင်းလူတော်ပညာရှင်များကို ရွေးထုတ်ပြီး လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်တို့တွင် အသုံးချသွားခဲ့၏။ ယင်းပုဂ္ဂိုလ်များအနက် အချို့မှာစာရေးတော်များဖြစ်လာကြ၏။

အချို့သော လူကောင်းလူတော်များသည် ရာထူးကြီးများကိုပင် တိုက်ရိုက်ရကြ၏။ ပညာရှိဆိုသည်မှာ လောက ရေး၊ ရာဇရေး၊ ဓမ္မရေးတို့တွင် တစ်ဖက်ကမ်းခပ်တတ်မြောက်သော ပါရဂူတို့သာများသည်။ တွင်းသင်းမင်းကြီး၊ ကင်းဝန်မင်းကြီး၊ ပခန်းမင်းကြီးစသည်တို့သည် ရဟန်းအဖြစ်မှ လူဝတ်လဲပြီး နန်းတော်သို့ရောက်လာကြကာ အုပ်ချုပ်ရေးယန္တရားများကိုလည်စေသော သူများပင်ဖြစ်၏။

စာတော်ပြန်ပွဲသည် တိုင်းပြည်၏သာသနာရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးဘက်တွင် လိမ္မာကျွမ်းကျင်သော ပညာရှင်များကို တစ်နှစ်လျှင် တစ်ကြိမ် မှန်မှန်ရွေးထုတ်ပေးသော ရှေးခေတ်ပညာရှင်ရွေးပွဲပင်ဖြစ်၏။

**စာတော်ပြန်ပွဲ**

သမိုင်းများတွင် အစောဆုံးတွေ့ရသည်မှာ ဒုတိယအင်းဝခေတ်သာလွန်မင်းတရားကြီး လက်ထက်၊ သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ဖြစ်၏။ မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ(၂၃၉)တွင် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကိုဆရာတို့မေးရသည်။ အနက်အဓိပ္ပာယ်ကိုဆိုနိုင်သော သာမဏေတို့ကို ပဉ္စင်း ၁၀၈ ပါး၊ သာမဏေ ၇ ပါး၊ ထိုနှစ်ကဆုန်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့ မွန်းတည့်ကျော် ၂ နာရီ ၃ ပါဒ်တွင် ပဉ္စင်းခံတော်မူသည်ဟူ၍ပါရှိ၏။

ထို့အတွက်ကြောင့် ပညာရှင်များက သာလွန်မင်းတရားကြီးလက်ထက်၊ သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ပထမ စာတော်ပြန်ပွဲကို စတင်ကျင်းပခဲ့ကြောင်း လက်ခံအတည်ပြုထားကြ၏။ အင်ရုံစာတမ်းခေါ် လောကဗျူဟာကျမ်းတွင် အင်ရုံဝန်ကြီးက အင်းဝမင်းများ နယုန်လတွင် ပထမစာတော်ပြန်ပွဲသဘင်ဆင်ယင်ကျင်းပပုံကို စုံလင်စွာဖော်ပြ ထား၏။ သမိုင်းမှတ်တမ်းများတွင် စတင်တွေ့ရှိရသော သာလွန်မင်းတရားလက်ထက်မှ သီပေါမင်းလက်ထက်အထိ မင်းဆက်အချို့ စာတော်ပြန်ပွဲကျင်းပသည့်အကြောင်းကို မှန်နန်းရာဇဝင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးနှင့် သမိုင်းဝင် မှတ်တမ်းများ၌ မဖော်ပြထားပါ။ အချို့မင်းများလက်ထက်ကျင်းပသော ပထမစာတော်ပြန်ပွဲများသည် မှတ်တမ်းမတင်ခဲ့ခြင်းကြောင့် သမိုင်းတွင်မပါရှိခြင်းဖြစ်သည်။ မင်းစဉ်မင်းဆက် အားလုံးအဆက်မပြတ် ပထမစာတော်ပြန်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်ဟု ကောက်ချက်ချနိုင်သည်။

ပထမစာပြန်ပွဲသဘင်ကို နယုန်လဆန်းမှစ၍ နယုန်လကုန်အထိ တစ်လတိတိကျင်းပ၏။ ကုန်းဘောင်ခေတ်တွင် နယုန်လဆန်း ၈ ရက်မှ ဝါဆိုလဆန်း ၈ ရက်အထိ တစ်လကျင်းပသည်ဆို၏။

မြန်မာဘုရင်တို့နယုန်လတွင် စာတော်ပြန်ပွဲသဘင်ကျင်းပခြင်းမှာ နယုန်လသည် သာသနာ့ဝန်ထမ်းရှင်ရဟန်း များအဖို့ စာသင်နှစ်၏နောက်ဆုံးလဖြစ်သောကြောင့်ဖြစ်၏။ စာသင်နှစ်ပထမလမှာဝါဆိုလဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ဆရာတော်၊ သံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါဆိုတော်မူ၏။ ထို့နောက် စာဝါသစ်များကို စတင်ပို့ချသင်ယူကြသည်။ ဝါတွင်းကာလမှာ အရပ်တစ်ပါးသို့ ညဉ့်အိပ်ခရီးမသွားရ၍ အချိန်ရှိသရွေ့စာပေပို့ချ လေ့လာဆည်းပူးနိုင်သောအချိန်ဖြစ်၏။ ဆောင်းရာသီ၊ နွေရာသီများတွင် လွတ်လပ်စွာခရီးသွားနိုင်ကြ၏။ မိုးရာသီကဲ့သို့ စာချ၊ စာတက်မှန်လေ့မရှိ။ ထို့ကြောင့် စာသင်နှစ်၏နောက်ဆုံးလဖြစ်သော နယုန်လ ရာသီတွင်စာတော်ပြန်ပွဲကျင်းပခြင်းဖြစ်၏။

**သာသနာ့အာဇာနည်ပေါ်ထွက်ရေး**

မင်းတုန်းမင်းလက်ထက် ၁၂၃၅ ခုနှစ်တွင် မန္တလေးရတနာပုံ၊ နေပြည်တော်လေးပြင်ရှိ တံဆိပ်တော်ရဆရာတော်ကြီးတို့အား ဆွမ်းလှူတော်မူပြီး ပိဋကတ်သုံးပုံကို ပြန်ဆိုနိုင်သော ပထမရှင်လောင်းတော်၊ ပဉ္စင်းလောင်းတော် များကိုရအောင် အားထုတ်တော်မူကြပါဟု မင်းတုန်းမင်းတရားကြီးက လျှောက်ထား၏။ ဆရာတော်ကြီးများကလည်း သဘောတူညီတော်မူ၏။

၁၂၃၅ ခုနှစ်မှအစပြု၍ ပထမစာတော်ပြန်ပွဲတွင် ဝိနည်းတော်သာမဟုတ်၊ ပိဋကသုံးပုံအလုံးစုံကို နှုတ်ငုံနှုတ်တက် ကျက်မှတ်ပြန်ဆိုနိုင်လျှင် ပြန်ဆိုခွင့်ရ၏။ မင်းတရားကြီးလက်ထက်က သီပေါမင်းသည် ၁၂၃၇ ခုနှစ်မှစ၍ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို တစ်နှစ်တစ်တန်း သုံးကြိမ်ပြန်ဆိုအောင်မြင်တော်မူကြောင်း ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (တတိယတွဲ-၁)၌ ပြည့်စုံစွာမှတ်တမ်းတင်ထား၏။

သီပေါမင်းလက်ထက်တွင် စာတော်ပြန်ပွဲများ တစ်ခေတ်ဆန်းလာခဲ့၏။ "ပထမစာတော်ပြန်ဥပဒေ" သည်စာအုပ် အဖြစ်နှင့် စနစ်တကျပေါ်လာခဲ့၏။ ထိုဥပဒေကျမ်းအရ စာတော်ပြန်ကျမ်းများမှာ တစ်မူထူးခြားလာခဲ့သည်။ အတန်းများမှာ ပထမကျော်၊ ပထမကြီးနှင့် ပထမငယ်တန်းဟူ၍ သုံးတန်းသာရှိ၏။

ပထမငယ်၊ ပထမလတ်၊ ပထမကြီးအောင်မြင်သူတို့၏ မိဘများအား ဈေး၊ ပွဲ၊ ကင်း၊ ကူးတို့စသော အခွန်တော် များ၊ သဿမေဓအခွန်တော်နှင့် မင်းတိုင်း ၁၂ မှုမှလွတ်ငြိမ်းချမ်းသာခွင့်ပြုတော်မူ၏။ ပထမကျော်အောင်မြင်သူကို သူ၏မိဘများအပြင် မွေးချင်းပေါက်ဖော်နီးစပ်ရာ ဆွေမျိုး ၁၅ ဦးအထိ ဈေး၊ ပွဲ၊ ကင်း၊ ကူးတို့စသော အခွန်တော်များ၊ သဿမေဓအခွန်တော်နှင့် မင်းတိုင် ၁၂ မှုမျှလွတ်ငြိမ်းခွင့်ပြုတော်မူ၏။ ပထမကျော်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်နှစ်တစ်ပါးသာအအောင်ပေး၏။ ပထမကျော်အောင်မြင်သူကို ဘုရင်က သားတော်အဖြစ်ကောက်လေ့ရှိ၏။ ဘုရင့်အမှုထမ်းလိုလျှင် စာရေးအဖြစ်မှ ဝန်ကြီးအထိ ထမ်းဆောင်ခွင့်ပြု၏။ ဤကားမြန်မာမင်းများ ပရိယတ္တိသာသနာ တိုးတက်ပြန့်ပွားရေးနှင့် သာသနာ့အာဇာနည်ပေါ်ထွက်ရေးကို အားပေးဆောင်ရွက်ခြင်းဖြစ်သည်။

သီပေါမင်းပါတော်မူပြီးနောက် ၁၂၄၆ ခုနှစ်မှ ၁၂၅၆ ခုနှစ်အထိ ပထမပြန်စာမေးပွဲကို မကျင်းပနိုင်။ ကိုးနှစ်လုံး လုံးအဆက်ပြတ်သွား၏။ ၁၈၉၆ ခုနှစ်တွင် ဘုန်းတော်ကြီးများသာမက လူဝတ်ကြောင်များကို ဖြေဆိုခွင့်ပေးခဲ့၏။ ၁၉၀၁ ခုနှစ်တွင် သီလရှင်များကိုလည်း ဖြေခွင့်ပြု၍ သီးခြားစစ်ဆေးခဲ့၏။

စာတော်ပြန်ပွဲကို ရှေးဘုရင်များက သာသနာ့အာဇာနည်များပေါ်ထွက်ရန် ရည်သန်ကျင်းပကြသည်။ ယခုအခါမှာလည်း နိုင်ငံတော်က စဉ်လာမပျက် ဆောင်ရွက်အားပေးလျက်ရှိ၏။

**Goshu-A1 Eco Business Co.,Ltd.**

အမှတ် ၃၃/၄၉၊ ဗဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဝန်ထမ်းအလိုရှိသည်။

**Mechanical Engineer (3) Posts M/F**

- B.E/M.E (Mechanical)ဘွဲ့ရရှိရမည်။
- Waste Water Treatment and Water Treatment Facilities ဆိုင်ရာ ဗဟုသုတရှိသူ ဦးစားပေးမည်။
- အင်္ဂလိပ်စကားပြောနိုင်၊ ရေးနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်အထက်ရှိရမည်။
- လုပ်ငန်းအတွေ့အကြုံနှင့် ဗဟုသုတရှိမှုအပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။ ($ 300-700)
- ရန်ကုန်စက်မှုဇုန်တွင်တာဝန်ထမ်းဆောင်ရမည်။

ဖုန်း-၀၁-၃၇၇၈၉၃

တစ်လလျှင် လစာ (၁၀)သိန်း မှ သိန်း(၂၀)ဝန်းကျင်အထိရရှိသော ကိုရီးယားသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက်.....
ဆရာ ဦးဇော်လင်း (B.A, Korean, YUFL) ဦးစီးတည်ထောင်သော
"ဟာနူးလ်"
ကိုရီးယားဘာသာသင်တန်းကျောင်း

- ကိုရီးယားဘာသာကို အခြေခံမှစ၍ သဒ္ဒါများ၊ စကားပြောများ၊ (EPS-TOPIK) မေးခွန်းများကို (4-Skills) ပြည့်စုံစွာ သင်ကြားပေးနေပါသည်။
- အလုပ်ကောင်း လစာကောင်းများရရှိစေရန် ၊ ကိုရီးယားနှင့်ပတ်သက်၍ အစမှအဆုံးနားလည်စေရန် လမ်းညွှန်သင်ကြားပေးနေပါသည်။
- သင်တန်းစတင်မည့်ရက် >> (4-6-2015) ၊ (လစဉ်တန်းခွဲသစ်များ ရှိသည်)
- သင်တန်းနေရာ >> တိုက်(၅)၊ မြေညီ၊ (C-6)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းမှတ်တိုင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
- Ph: 09-400475420, 09-5418878, 09-976868569

# ဂိုင်းဝန်းထိန်းသိမ်းကြရန် မိတ္ထီလာကန်



**ကလေးရယ် ချော့စရာ၊**
**မိတ္ထီလာကန်အောက်က ဖားကောက်ခဲ့ပါ။**
**ဖားပါရင် တစ်ကောင်ပေးပါ။**
**မျက်လုံးရယ် ကြောင်တောင်တောင်နဲ့**
**ဖားကောင်ကသေး ဆိုသည့်**

သားချော့တေးကို ငယ်စဉ်ကပင် ရင်းနှီးခဲ့ကြမည်ဖြစ်သည်။ မိတ္ထီလာကန် အကြောင်းကို အတိအကျ မသိသော်လည်း အမည်ကိုမူ ယဉ်ပါးနေခဲ့ကြပါလိမ့်မည်။

ထိုသားချော့တေးထဲတွင် ပါဝင်သည့် မိတ္ထီလာကန်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် တည်ရှိသည်။ သမိုင်းကြောင်းများကို လေ့လာမည်ဆိုပါက မိတ္ထီလာကန်တော်ကြီးသည် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာ အာကာရဋ္ဌမင်းကြီးမှ ပထမဦးဆုံးစတင်ဆည်ဖို့ခဲ့ပြီး ကန်၏ ပတ်ဝန်းကျင်တွင် သျှိသျှားပင်များပေါက်နေခဲ့သဖြင့် "သျှိသျှားကန်"ဟု ခေါ်ခဲ့သည်။

သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် မရှိမဖြစ် အားထားခဲ့ရသဖြင့် ထိုကန်ကြီး မတိမ်ကောမပျောက်ကွယ်စေရန် ရှေးမြန်မာမင်းများ အဆက်ဆက် ပြုပြင်ဆည်ဖို့ခဲ့ သော ကန်လည်းဖြစ်သည်။အနော်ရထာမင်းကြီး လက်ထက်တွင် မိတ္ထီလာကန်တော် ကြီးအား (၁၁)ကြိမ်မြောက်ဆည်ဖို့ပြုပြင်ခဲ့ပြီး "မထိလာကန်"ဟု ခေါ်တွင်စေခဲ့ပြီး ကာလရွေ့လျားလာသောအခါ "မိတ္ထီလာကန်" ဟု ခေါ်တွင်လာခဲ့သည်။ မင်းတုန်းမင်း လက်ထက် မိတ္ထီလာကန်ကြီးကို နောက်ဆုံးဆည်ဖို့ခဲ့ခြင်းဖြစ်သည်။

"ရေမှာ စစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာတောင်တွင်း၊ စပါးမှာ ရမည်းသင်း၊ အင်းမှာ တောင်သမန်၊ ကန်မှာမိတ္ထီလာ"ဟု ဆိုရိုးစကားရှိသည်နှင့်အညီ ရှေးမြန်မာ မင်းအဆက်ဆက်မှစကာ မိတ္ထီလာကန်ကိုအစွဲပြု၍ မိတ္ထီလာမြို့ပေါ်ပေါက်ထင်ရှားလာခဲ့ သည်။

"မကျည်းတစ်ဆစ်၊ပေတစ်ရစ်၊ ကြိုးကြာမသောက်၊ ရေမနောက်၊မပေါက်ရွှေကြာ၊ မိတ္ထီလာလို့ဆိုတဲ့အတိုင်း ဒီနေ့အထိ တစ်ဆစ်ထဲသီးတဲ့ မကျည်းသီးတွေ ရှိသလို တစ်ရစ်ထဲရှိတဲ့ ပေပင်တွေလည်းရှိပါတယ်။ မိတ္ထီလာကန်က ရေမနောက်ဘူး၊ ကြာမပေါက်ဘူး။ အင်မတန်ထူးခြားတဲ့ သင်္ကေတတွေ ရှိပါတယ်"ဟု မိတ္ထီလာဈေးကြီး အရှေ့ဖက်တွင် နေထိုင်သူ အသက်(၆၆)နှစ်အရွယ်မြို့ခံတစ်ဦးဖြစ်သူ ဦးဝင်းကပြောသည်။

မိတ္ထီလာကန်ကြီးသည် အစဉ်အလာကြီးမားပြီး သမိုင်းတွင် ထင်ရှားခဲ့သည်။ လယ်တွင်းကိုးခရိုင်ဟု တင်စားရသည့် မြန်မာနိုင်ငံအတွက် သမိုင်းတွင် ဆန်ရေစပါး ပေါများကြွယ်ဝရန် မိတ္ထီလာကန်ကြီးက ပြည်သူတစ်ရပ်လုံးအတွက် များစွာအကျိုးပြုခဲ့သလို၊ ဒေသပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်လည်း များစွာ အထောက်အကူပြုခဲ့သည်။

မိတ္ထီလာကန်၏ အဓိက ရေဝင်ချောင်းမှာ မုန်တိုင်ချောင်းဖြစ်သည်။ ကန်နှစ်ကန်ကို ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် တောင်ကန်၊ မြောက်ကန်ဟု ခေါ်လေ့ရှိသော်လည်း ကန်ရေမှာ တစ်ဆက်တစ်စပ်တည်းဖြစ်သည်။

"မိတ္ထီလာကန်နဲ့ ပတ်သက်ပြီး လူတွေပြောစမှတ်ပြုခဲ့တာ တစ်ခုက တောင်ကန်ရော၊ မြောက်ကန်ပါ တစ်ပြင်လုံးရေတစ်စက်မှ မရှိခဲ့တဲ့ အချိန်ရှိခဲ့ပါတယ်။အဲဒီအချိန်မှာ နဂါးတစ်ကောင်က အခြားမြစ်ချောင်းကနေ ရေတွေကို အာခံတွင်းမှာ ငုံထားပြီး မိတ္ထီလာကန်ထဲကို မှုတ်ထည့်လိုက်တာ။ ဒီကန် တစ်ခုလုံး ရေပြန်ပြည့်လာတယ်လို့ ပြောကြတယ်။အခု အန္တဂူဘုရားကို နဂါးကြီးလေးကောင် ဝိုင်းရံပြီး တည်ထားပါတယ်။ အဓိပ္ပာယ်ကတော့ မိတ္ထီလာကန်ကြီး ရေတွေ ခန်းခြောက်ရင် ဒီနဂါးကြီးလေးကောင်က အခြားကန်က ရေတွေယူလာမယ်၊ မြို့နေလူထုက သောက်သုံးရတယ် ဆိုတာကို အစွဲပြုတာဖြစ်ပါ တယ်။

ကန်ရဲ့ အောက်ဘက်က စိုက်ပျိုးလုပ်ကိုင်စားသောက်နေကြတဲ့ တချို့ လယ်သမားတွေက ဒီနဂါးကြီးလေးကောင်ကို သင်္ကေတထား လာကြည့်ကြတယ်။ မိုးရွာလို့ ရေဝင်လာပြီ နဂါးကြီးပါးစပ်ကို ရေထိပြီဆိုရင် နဂါးရေသောက်တယ်။နဂါး ရေသောက်ရင် မိတ္ထီလာကန်အောက်မှာရှိတဲ့ လယ်သမားတွေ စပါးရေလောက်ပြီဆိုပြီး လက်ခမောင်းခတ်ကြတယ်။ ကျွဲခြေရာ၊ နွားခြေရာတွေ ပါမကျန် စိုက်ပျိုးကြတဲ့အတွက် အောင်မြင် ဖြစ်ထွန်းကြတယ်လို့ ဆိုကြပါတယ်" ဟု မိတ္ထီလာကန်နှင့် ပတ်သက်၍ ဒေသခံများက ပြောစမှတ်ပြုကြသည်။

နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းနိုင်မှု မရှိခြင်းနှင့် အဓိကရေဝင်သည့် မုန်တိုင် ချောင်းမှ သဲနုန်းပို့ချခြင်းတို့ကြောင့် မိတ္ထီလာ(မြောက်)ကန်သည် တဖြည်းဖြည်း တိမ်ကောလာခဲ့သည်။ယခုအခါ ကန်အလျားမှာ ၂၃၀၀ ပေ၊ ကန်ပေါင်အမြင့် ၄၆ပေနှင့် ပျမ်းမျှရေအနက် လေးပေခွဲ သာရှိပြီး ရေသိုလှောင်နိုင်မှု ပမာဏမှာ သုံးထောင် ဧကပေသာ ရှိတော့သည်။

မိတ္ထီလာကန်သည် အနော်ရထာမင်းလက်ထက် ပြန်လည်တူးဖော်ပြင်ဆင်ချိန်၌ မြောက်ဘက်တွင် ယခု ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပါးတောင်နှင့် ထိစပ်ရန် ကြက်မတစ်ဝပ်စာခန့်အလို၊ တောင်ဘက်တွင် ရမည်းသင်းမြို့နယ် နယ်စပ်အထိ ရောက်ရှိ ကျယ်ပြန့်ခဲ့သည်ဟု မှတ်တမ်းများအရ သိရသော်လည်း ခေတ်ကာလ ရွေ့လားလာပြီး ယခုအခါ ဧရိယာစတုရန်း ခုနစ်မိုင်ခန့်သာ ကျယ်ဝန်းတော့သည်။

"နဂါးရေသောက်ရုံမကဘူး၊နဂါးအမောက်ကြီးကို ရေနစ်သွားလည်း ကန်ကြီး တိမ်ကောလာတော့ စပါးရေမလောက်ကြတော့ပါဘူး။ ကန်ကရေပြင်ကြီးသာ ကျယ်နေတာ၊ ရေဝပ်ဧရိယာမရှိတော့ အောင်ရေမပေးနိုင်တော့ဘူး။ အောင်ရေပေးရတော့မယ့် အချိန်မိုးကပြတ်သွားပြီ"ဟုလည်း တောင်သူတစ်ဦးက ဆိုသည်။

ထိုကဲ့သို့ တိမ်ကောနေသည့် မိတ္ထီလာ(မြောက်)ကန်ကို မြို့သူ၊ မြို့သားများ သောက်သုံးရေနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပြန်လည် တူးဖော်ခြင်းလုပ်ငန်းကို နှစ်လအတွင်း ပြီးစီးအောင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီး ဌာန၊ မိတ္ထီလာခရိုင်နှင့် နေပြည်တော် တည်ဆောက်ရေး(၅) ဆည်မြောင်းဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်တော့မည်ဖြစ်သည်။

"မိတ္ထီလာကန်မှာ တောင်ကန်နှင့် မြောက်ကန် နှစ်ခုရှိပါတယ်။ သဲနုန်းပို့ချမှုများတဲ့အတွက် မိတ္ထီလာမြောက်ကန်အတွင်းက မြေကြီးကျင်းပမာဏ ၉၇၂၅၀၀ ကိုအခု မိုးမကျခင် နှစ်လနဲ့ အပြီးတူးဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကတော့ အဓိကတည်ဆောက်ခြင်း လုပ်ငန်း၊ကန်တွင်းသဲနုန်းတူးဖော်ခြင်း လုပ်ငန်း၊ ကန်အတွင်း၊အပြင်ဆင်ခြေလျှောကာကွယ်ခြင်းလုပ်ငန်း၊ ကန်ပေါင်ထိပ်ပြင်ဆင်ခြင်း လုပ်ငန်း၊ ရေထုတ်ပြွန်တွေနဲ့ ကန်ခြားရေတံခါးပြုပြင်ခြင်းလုပ်ငန်းတွေနဲ့ အခြားဆက်စပ်လုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်ဇော်ကပြောသည်။

မိတ္ထီလာ(မြောက်)ကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို စက်ယာဉ်ယန္တရား အင်အား ၃၇၀ကျော်ဖြင့် လုပ်ငန်းစတင်နေပြီဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း ၄၀၀ အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။စက်ယာဉ်များ ပျက်စီးမှုဖြစ်လာပါကလည်း အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် စက်ပြင်အဖွဲ့များ ဖွဲ့စည်းထားရှိပြီး အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ဆည်မြောင်းဦးစီးဌာန၊တည်ဆောက်ရေး (၅)မှ ဦးစီးအရာရှိ(စက်မှု) ဦးကျော်နိုင်မိုးကပြောသည်။

မိတ္ထီလာ(မြောက်)ကန် ပြန်လည်တူးဖော်ပြီးပါက ရေပမာဏ ၇၂၀၀ ဧကပေခန့် ရှိလာမည်ဖြစ်သည်။မိုးစပါး ၆၆၅၅ ဧက ၊နွေစပါး ၆၉၅ ဧကနှင့် စုစုပေါင်း ၇၃၅၀ ဧက အား ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ထို့ပြင် မိတ္ထီလာ(မြောက်)ကန် ရေဝင်ချောင်းများအနီးရှိ မြင်သာ၊ သဲတော၊ ရွာမ၊ လက်ပံခါးကော့နှင့် ရှင်မြို့ကျေးရွာများသည်လည်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။သောက်သုံးရေလုံလောက်စွာ ရရှိမည်ဖြစ်သလို အပူပိုင်းဒေသဖြစ်သည့် မိတ္ထီလာမြို့သည် စိမ်းလန်းစိုပြည်သာယာလာမည်ဖြစ်သည်။

"အခုဆိုရင် မိုးစပါးပျိုးထောင်ရမယ့် ရာသီရောက်လာတော့မယ်။မိုးရွာလို့ ဝင်လာတဲ့ရေတွေကို ပျိုးထောင်ရေပေးလိုက်မယ်။ စိုက်ပျိုးရေပါဆက်ရမယ်ဆိုရင် အောင်ရေအတွက် မခက်တော့ဘူး။ မြို့နေလူထုကတော့ သောက်သုံးရေအတွက် အားပြုသလို ကန်အောက်ဘက်က လယ်သမားတွေအတွက် သောက်သုံးရေရော၊ စိုက်ပျိုးရေပါ ဖူလုံတော့မှာဖြစ်တဲ့အတွက် မိတ္ထီလာကန်အောက်ဖက်မှာရှိတဲ့ တောင်သူလယ်သမားတွေကိုယ်စား ကျေးဇူးတင်နေကြတာပါ။ အနှစ်နှစ်အလလက စိတ်ကူး အိပ်မက်တွေဟာ တကယ်ဖြစ်သွားတော့ ဝမ်းသာပါတယ်"ဟု မိတ္ထီလာ(မြောက်)ကန် ရေသောက် ရှမ်းတဲစံပြကျေးရွာမှ တောင်သူဦးကြည်ဝင်းက ပြောသည် ။

မိတ္ထီလာမြို့ခံလူရွယ်တစ်ဦးက "ဒီကန်ကြီးကို အခုလို ပြန်တူးဖော်ပေးတော့မြို့အတွက် သောက်သုံးရေနဲ့ စိုက်ပျိုးရေဖူလုံလာမှာပါ။ အခု နှစ်ပိုင်းတွေမှာ မိုးကလည်းခေါင်သလို ကန်ကလည်းကောလာတာဖြစ်ပါတယ်။ အခုလို နိုင်ငံတော်အစိုးရအပိုင်းက ပြန်လည်တူးဖော်ပေးတဲ့အတွက် ကျွန်တော်တို့ နောက်ထပ် ဆယ်စုနှစ်များစွာ စိတ်အေးလက်အေးနေလို့ရပါပြီ၊ ဒီအတွက် အခုလို တူးဖော်ပေးတာကို ကျေးဇူးတင်ပါတယ်"ဟု ၎င်း၏ အမြင်ကို ပြောကြားခဲ့သည်။

မြို့လယ်တွင်တည်ရှိသည့် မိတ္ထီလာကန်ကြီးသည် အနားယူ၊ အပန်းဖြေစရာနေရာ၊ ကျန်းမာရေးအတွက် လမ်းလျှောက်နိုင်သည့် နေရာတစ်ခုဖြစ်လာတော့မည်။ ထို့ပြင် ရှေးခေတ်သမိုင်းရာဇဝင်များအရ ကျော်ကြားခဲ့သည့် ဖောင်တော်ဦးစေတီတော်နှင့် သမိုင်းဝင်တန်ခိုးကြီးဘုရား များစွာတည်ရှိနေမှုကြောင့်လည်း မိတ္ထီလာမြို့သည် နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာတစ်ခု ဖြစ်လာနိုင်ပေလိမ့်မည်။ ထိုကဲ့သို့သဘာဝကို အခြေခံသည့်ခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းသည် မြို့နေလူထု၏ လူမှုစီးပွား ဘဝများတိုးတက်လာမည်ပင်ဖြစ်သည်။

မိတ္ထီလာကန်ကြီး ပြန်လည်ဆည်ဖို့ပြီးစီးပါက သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေ ဖူလုံမည့်အပြင် မိတ္ထီလာမြို့နယ်သည် စိမ်းလန်းစိုပြည်သာယာလှပလာမည် ဖြစ်သလို ပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့်အကျိုးကျေးဇူးများလည်း ခံစားရရှိလာတော့မည်ဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ မိတ္ထီလာကန်ကြီး ပြန်လည်တိမ်ကောမသွားစေရန်နှင့် ထာဝရ သန့်ရှင်းသာယာလှပနေစေရန်မှာ မိတ္ထီလာမြို့နေလူထုနှင့် အားလုံး၏ တာဝန်ပင်ဖြစ်သည်သာ။ ။

**နန္ဒာဝင်း၊ ဓာတ်ပုံ-တင်ထွန်းအောင်**



အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

လှိုင်သည် အထူးအထွေ ပြန်မပြောဘဲ . . . ပြုံးလဲ့လဲ့လေးဖြင့် ခေါင်းညိတ်ပြရှာ၏။

ကျွန်တော်နှင့် ခိုင်သည် ကျွန်းတောလမ်းဘက်သို့ ထွက်ခဲ့သည်။ တစ်ဖန် မဟာမြိုင်လမ်းမှတစ်ဆင့် ပြည်လမ်းမကြီးဆီ လျှောက်လာခဲ့ကြသည်။ ပြည်လမ်းမကြီးအတိုင်း မြောက်ဘက်သို့ ဆက်လျှောက်လာခဲ့ရာ မကြီးကြီးလမ်းထိပ်အရောက်တွင် ထောက်ကြံ့သွား ဘတ်(စ်)ကားတစ်စီး ဆိုက်လာ၏။

"လာ ခိုင် . . . ကားလျှောက်စီးကြရအောင် " ခိုင့်ဆီမှ အဖြေမရဘဲ ကျွန်တော်က ကားပေါ်တက်သဖြင့် ခိုင်လည်း လိုက်တက်ခဲ့ရသည်။

ကားထွက်စတွင် စပယ်ယာက မေးသည်။

" ဘယ်သွားကြမှာလဲ ဆရာ . . . "

" ဘွဲ့နှင်းသဘင်လမ်းကိုကွာ . . . "

ကျွန်တော်က ဖြေရင်း ပိုက်ဆံသုံးမူး ထုတ်ပေးသည်။

ကားထွက်လာ၍ အချိန်အတန်ရသောအခါ ခိုင်က ကျွန်တော်ကို လှည့်ကြည့်သည်။ ကျွန်တော်က ပြုံးပြသောအခါ ပြန်ပြုံးလေသည်။

ကျွန်တော်တို့ ဘွဲ့နှင်းသဘင်လမ်းထိပ်၌ ဆင်းကြသည်။ ထိုလမ်းအတိုင်း ဆက်လျှောက်လာကြ၍ လက်ဝဲဘက် ချိုးလိုက်သောအခါ ရေဂယက် လှိုင်းနုနုတို့ ညင်ညင်သာသာပုတ်ခတ်ဦးတိုက်နေရာ အင်းယားကန်စပ်သို့ ရောက်လာခဲ့၏။

ညနေ လေးနာရီခန့်သာ ရှိသေးသော်လည်း ဆောင်း၏ ဒေါင်းယာဉ်ပျံသည် ရောင်လျှံကို ညှိုးညှိုးမှိန်မှိန်သာ ပေးနေသည်။ နွေသည် အဝေးဝယ်ရှိနေသေးသော်လည်း သစ်ရွက်ဝါ တစ်ရွက်တလေသည် ကမ်းစပ်မြက်ခင်းပေါ်သို့ ကြွေသက် ခုန်ဆင်းနေ၏။

ခိုင်သည် မရန်းပင်ကြီးတစ်ပင်၏ ပင်စည်ကို မှီလျက် ကန်ရေပြင်ကို ငေးရင်း ရပ်သည်။ ကျွန်တော်ကလည်း ခိုင့်အနီးတွင် ရပ်လျက် ခိုင် ငေးကြည့်ရာ ရေပြင်ကို စူးစိုက်ကြည့်နေမိသည်။

ကျွန်တော်က ခိုင့်ဘက်လှည့်၍ ကြည့်ချိန်အထိ ခိုင် သည် ငြိမ်လျက် ကန်ရေပြင်ကိုသာ ငေးကြည့်နေလေ၏။

" ခိုင့်ကို မောင် စကားပြောနိုင်ပြီလား . . . "

ခိုင်သည် မျက်တောင်ကော့ကြီးများကို ပင့်၍ ကျွန်တော့်ကို ဝေဝေမှုန်မှုန် ကြည့်သည်။

ဤအကြည့်ကို ရင်မဆိုင်ရဲသော ကျွန်တော်က မျက်လုံးများကို ကန်ရေပြင်ဆီ လွှဲလိုက်ရ၏။

" ပြောလေ မောင် . . . ခိုင် နားထောင်နေတယ် "

ဤသို့ဆိုပြန်သော် ကျွန်တော် ဘာပြောရမှန်း မသိ။ ပြောစရာ မရှိ၍ မဟုတ်၊ ပြောစရာတွေများလှသောကြောင့် ဘယ်ကစ၍ ဘာကိုပြောရမှန်း မသိခြင်းသာ ဖြစ်၏။

ဘာကို စ,ပြောရမှန်း မသိသဖြင့် ကျွန်တော်က ခိုင့်မျက်နှာလေးကို ပြန်ငေးကြည့်မိသည်။

ခိုင့်မျက်နှာလေးသည် နုနယ်နေ၏။ နူးညံ့နေ၏။ ပျော့ပျောင်းနေ၏။ သန့်စင်နေ၏။

နှံ့သာကို ဖုံအောင် မလိမ်း၊ အပူရုပ်ကို ထိန်းသည်ဆိုရုံ လိမ်းထားသဖြင့် ပင်ကိုသဘာဝအသားကမပျက်။ နက်မှောင်သော ဆံပင်ကို နောက်ထုံးရှင်အဖြစ်သာ ဆင်ထားသဖြင့် ပြုပြင်ရာလည်း မရောက်၊ မပြုပြင်ရာလည်း မရောက်၊ လေနှောင့်သဖြင့် ဆံယဉ်တို့ ဝဲပျံလွင့်နေပုံကပင် စိတ်တွင် ကရုဏာသက်ချင်စဖွယ် ဖြစ်နေသည်။

"ပြောမယ်ဆို မောင်၊ ခိုင်နားထောင်နေတယ်လေ . . . "

ခိုင်က ထပ်ဆင့်သတိပေးလေမှ ကျွန်တော်သည် သက်ပြင်းကို မှုတ်ထုတ်ပြီး မျက်နှာတည်တည်နှင့်ဆိုသည်။

"ပြောမယ်ဆိုပြောပါမယ် ခိုင်ရယ် . . . ၊ ဒါပေမယ့်မောင့်စေတနာကို ခိုင် သတိထားစေလိုတယ်။ ခိုင်မှတ်မိ သေးရဲ့လား၊ ခိုင်နဲ့မောင် ငယ်ငယ်က ချောက်ကြီးထဲ ကျကြတာလေ။ မောင် အတန်တန် တားရက်နဲ့ မိခိုင်နှောင့်လို့လေ . . . "

ခိုင့်မျက်နှာကလေးသည် တည်သွား၏။ အသံလေးပင် မသိမသာမာစွာဆို၏။

" ခိုင် မှတ်မိပါတယ်၊ ဟုတ်တယ် မိခိုင် နှောင့်လို့ပေါ့ ဟဲ . . . ဟဲ အဲဒါ ဘာဖြစ်သလဲ မောင် . . . "

"ခိုင် မောင့်ကို ဒီလို အသံမာမာနဲ့ မပြောပါနဲ့၊ သရော်လည်း မသရော်ပါနဲ့၊ မောင် စကားပလ္လင်ခံထားပါတယ်၊ မောင့်စေတနာကို ခိုင် သတိထားပါလို့ . . . "

မိခိုင် ငိုင်ကျသွားသည်။ ကျွန်တော်က အသံကို အေးဆေးနိုင်သမျှ အေးဆေးအောင် ထိန်း၍ဆက်ပြောသည်။

" အဲဒီချောက်ကြီးထဲကတော့ ခိုင် ပြန်တက်နိုင်ခဲ့တယ်။ ဒါပေမယ့် အခု ခိုင်ဆင်းနေတဲ့ ချောက်ကြီးက လူမှုရေးရာ ချောက်ကြီးပဲ။ မိန်းကလေးတစ်ယောက်အနေနဲ့ ကြောက်စရာအကောင်းဆုံးဖြစ်တဲ့ လူမှုရေးရာ ချောက်ကြီးပဲ . . . ။ တစ်ခါတုန်းကလိုပဲ မောင်တားမြစ်တယ် ခိုင်။ မောင့်စကားကို နားထောင်ပါ . . . "

ခိုင်သည် ဆက်ငိုင်နေ၏။ ကျွန်တော့်စကားကို နားလည်သဘောပေါက်သဖြင့် ငိုင်နေသည်ဟုထင်ကာ ကျွန်တော် အားတက်မိသည်။

သို့ရာတွင် . . . ။

ခိုင်သည် မျက်နှာလေးမော့လျက် မျက်လုံးများ အရောင်တောက်လျက် ရန်တွေ့စကားကို ဆိုသည်။

" ဒီနေ့ စောစောပိုင်းက ယောကျာ်းတစ်ဦးရဲ့ စော်ကားစွပ်စွဲတဲ့စကားကို ခိုင် ကြားခဲ့တယ်။ အခုမောင်ကပါ ခိုင့်ကို စော်ကားစွပ်စွဲနေပြန်ပြီလား ဟင် . . . "

ရုတ်တရက်သော် ကျွန်တော် အံ့အားသင့်၍ ဘာပြန်ဖြေရမှန်း မသိ။ စိတ်တွင်း၌လည်း ကရုဏာဒေါသ မသိမသာ ထလာသည်။

" ဒီမှာ ခိုင်၊ မောင့်ကို ဘာလို့ ရန်တွေ့နေရသလဲ . . . ၊ မောင်ဟာ ခိုင် ရန်တွေ့ရမယ့် လူတစ်ယောက်မဟုတ်ဘူး။ ခိုင့်ကို စော်ကားနေတဲ့လူတစ်ယောက်လည်း မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောင်ဟာ ခိုင့်သူငယ်ချင်းပဲ။ သူငယ်ချင်း တစ်ယောက်အနေနဲ့ မှန်တယ်ထင်တာတော့ ပြောရလိမ့်မယ်။ အမြင်မတော်တာကို ညွှန်ပြရလိမ့်မယ် "

ခိုင်က ရယ်သည်။ ကျွန်တော့်စကားတွင် ဟာသမပါဘဲလျက် ရယ်သဖြင့် သရော်သောရယ်ခြင်း ဖြစ်မှန်း သိသာသည်။

" မောင်ညွှန်ပြမယ့် အမြင်မတော်တာတွေက ဘယ်သူ့ဆီ ဦးတည်သလဲ၊ ခိုင့်ကို နှလုံးသား ပူဇော်ထားပါတယ်လို့ ပါးစပ်ကတော့ အော်နေပြီး . . . ဘယ်သူ့ကိုမှ မပေးချင်သေးတဲ့ ခိုင့်နှလုံးသားကို ပုဂ္ဂလိကအပိုင်စီးချင်တဲ့ လူတွေဆီလား၊ ခိုင့်ကို အသက်ပေးပါတယ် တကြော်ကြော် နှုတ်ကအော်နေပေမယ့် မိန်းမသားဖြစ်တဲ့ ခိုင့်အနေနဲ့ အသက်ထက် မြတ်နိုးရတဲ့ အရှက်ပေါ် အနိုင်ယူစီးမိုးပြီး လိုရာဆီဆွဲခေါ်ငင် ချုပ်ကိုင်လိုတဲ့ယောကျာ်းတွေဆီကိုလား။ ဒါမှမဟုတ် စာတင်ထားတဲ့ သမိုင်းအစကတည်းက ဘာအပြစ်မှ မကျူးလွန်ရဘဲ တရားခံဖြစ်နေရတဲ့ မိန်းမသားဂိုဏ်းဝင် ခိုင့်ဆီကိုလား . . . "

ခိုင့်စကား၌ အလေးချိန်ရှိသည်။ သစ္စာပြည့်သည်ဟုလည်း ထင်မိသည်။ ထို့ကြောင့် လေအေးနှင့်ပင် ရှင်းပြမိသည်။

"အမြင်မတော်တာတွေကို ညွှန်ပြပါမယ် ဆိုကတည်းက အားလုံးဆီကိုတော့ ဦးတည်ရမှာပဲ ခိုင်။ တစ်ခုတော့ ရှိတယ်။ မောင်က အမှား၊ အမှန်ကို ပရမတ္ထသစ္စာ အခြေခံနဲ့ ပြောပြနေတာ မဟုတ်ဘူး . . . ။

ဖြစ်ဆဲလောကရဲ့ လက်တွေ့ လူမှုစည်းကမ်းဘောင်အတွင်းကပြောနေတာ . . . ခိုင် နားလည်ရဲ့လား . . . "

ခိုင်သည် မဖြေ။ အံကြိတ်လျက်တွင် မျက်ရည်များက စီးကျနေသည်။

" ခိုင်တို့ မောင်တို့ဆိုတဲ့ လူသားသတ္တဝါတစ်ဦးဟာ သေးငယ်လှပါတယ်။ လောကဆိုတာကတော့ ကြီးကျယ်လွန်းလှပါတယ်။ လောကကို အပြစ်တင်မစောနဲ့ ခိုင်။ ရန်သတ္တရုလည်း မပြုချင်ပါနဲ့။ မမှန်သော နည်းနဲ့လည်း မတော်လှန်ချင်ပါလေနဲ့ "

ခိုင်က ကျွန်တော့်ကို မော့၍ စူးစူးစိုက်စိုက်လေး ကြည့်သည်။ စကားပြန်သောအသံသည် မမာတော့သော်လည်း ခံပြင်းမှုအနက်သဘောကိုမူ မထိမ်ဝှက်နိုင်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ဇနီးမယားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊ ညောင်ပင်လမ်းနေ မောင်အေးငြိမ်း [၁၂/မရက(နိုင်)၁၃၆၃၉၄]နှင့် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မြို့သစ်ရပ်ကွက်နေ မဆုမွန်ကျော်(ခ)ဖြူဖြူ [၁၁/ပဏတ(နိုင်)၀၅၄၈၆၈]တို့သည် ၁၂-၅-၂၀၁၃ ရက်နေ့တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး မဆုမွန်ကျော်သည် ၂၄-၁၂-၂၀၁၃ ရက်နေ့တွင် မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပြီး ယနေ့အချိန်အထိ ပြန်လည်ရောက်ရှိ ပေါင်းသင်းနေထိုင်ခြင်းမရှိသဖြင့် ၎င်းမဆုမွန်ကျော်အား ယနေ့မှစ၍ ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်း တရားဝင်ကြေညာပါသည်။

**မောင်အေးငြိမ်း [၁၂/မရက(နိုင်)၁၃၆၃၉၄]**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

အထက(၄)၊ မင်္ဂလာတောင်ညွန့်၊ Grade-11 မှ မောင်နိုင်နိုင်ဦး၏ ဖခင် ဖြစ်သူ ဦးရဖေ(လ်)(ခ)ဦးသူရကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးရဖေ(လ်)(ခ)ဦးသူရကျော်[၁၂/မဂတ(နိုင်)၀၁၅၄၅၂]

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ GLORY HEYDAY SERVICES CO.,LTD ပိုင်မော်တော်ယာဉ် BB/9287 ၊ BB/9298, BB/9293, BB/9286, BB/9291, BB/9285, BB/9299, BB/8298 ယာဉ်များ၏ Custom Statement များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၀၆၈၉၉၊ ၀၉-၅၄၁၆၅၄၇

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ကြည်ကြည်ဟန်[၁၂/မရက(နိုင်)၁၁၁၀၆၉]အမည်ဖြင့် ID No-709620 (11-5-2015)၏ Custom Statement နှင့် ကားဓာတ်ပုံမှတ်တမ်းပါဝင်သော စာအိတ် ပိတ် အညိုရောင်မူရင်းမှာ ၂၄-၅-၂၀၁၅ ရက် တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၅၉၆၆၆၉

## သာဓုအနုမောဒနာ ခေါ်ဆိုခြင်းနှင့် အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့နေ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ-ဦးမောင်မောင် (ဥက္ကဋ္ဌ၊ Asia Express Co.,Ltd)-ဒေါ်သက်သက်နိုင် မိသားစုတို့မှ (၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်)တွင် သံဃာတော်ငါးပါးအား သိမ်ထပ်ခြင်းနှင့် ရှင်(၁၀၈)ပါးတို့အား ရှင်သာမဏေအဖြစ်သွတ်သွင်းချီးမြှောက်ခြင်း အလှူတော်အတွက် ဝမ်းမြောက်စွာ သာဓုခေါ်ဆိုအပ်ပါသည်။ ထို့ပြင် ဖြူးမြို့၌ တည်ဆောက်ဆဲဖြစ်သော သုခဒါယီသီလရှင် စာသင်တိုက်အတွက် သိန်း(၂၃၀)ကျပ် လှူဒါန်းခြင်းအတွက်လည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဖြစ်မြောက်ရေးဦးစီးကော်မတီ**
**သုခဒါယီသီလရှင်စာသင်တိုက်၊ ဖြူးမြို့။**






# နိုင်ငံဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများကို ယာဉ်မောင်းလိုင်စင် ဆောင်ရွက်ပေး

**မန္တလေး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ထိခိုက်မှုမှုလျော့နည်းစေရေး၊ ယာဉ်မောင်းသူတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိစေပြီး ယာဉ်မောင်းလိုင်စင်ရရှိစေရေးအတွက် လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်းတွင် ဝန်ကြီးဌာနများရှိ နိုင်ငံဝန်ထမ်းများနှင့် ပုဂ္ဂလိက စက်ရုံ အလုပ်ရုံ၊ ကုမ္ပဏီဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပို့ချပြီး ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးကာ ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင်ရယူလိုသော နိုင်ငံဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူ၊ ဝန်ထမ်းစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ၊ ဝန်ထမ်းဖြစ်ကြောင်း ဌာနတာဝန်ရှိသူ၏ ထောက်ခံချက်မူရင်း၊ နောက်ခံအပြာလိုင်စင်ဓာတ်ပုံလေးပုံ တင်ပြ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းတက်ရောက်၍ ယာဉ်မောင်းကျွမ်းကျင် ဖြေဆိုရယူနိုင်သည်။

ထုတ်ပေးသည့်ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ယာဉ်စည်းကမ်းတက်ရောက်ကာ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ယာဉ်မောင်းကျွမ်းကျင်ဖြေဆိုစေ၍ (က) ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**




**တာချီလိတ် မေ ၂၉**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များကို တာချီလိတ်မြို့တွင်း လူစည်ကားရာ လမ်းဆုံလမ်းခွများတွင် တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများက မေ ၂၇ ရက်တွင် ဒုတိယအကြိမ် ဖြန့်ဝေပေးခဲ့ကြသည်။ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးသောင်းမြင့် ဦးဆောင်၍ မေ ၅ ရက်နှင့် ၁၀ ရက်က တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာ အဝေးပြေး ယာဉ်လိုင်းယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ ဆိုင်ကယ်တက္ကစီများအား တာချီလိတ်မြို့ပေါ် လူစည်ကားရာ လမ်းဆုံလမ်းခွများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များကို ပထမအကြိမ် ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**(၁၁၁)**

# ကျောက်တံခါးမြို့နယ်တွင် လေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ကျောက်တံခါး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဧပြီ ၂၇ ရက်က တိုက်ခတ်ခဲ့သော လေပြင်းကြောင့် လေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လေဘေးသင့်အိမ်ထောင်ဦးစီးများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းထောက်ပံ့ငွေ ၈၄၅၂၀၀ ကျပ်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သော ထောက်ပံ့ရေးပစ္စည်း ၁၃ မျိုးတို့အား လေဘေးသင့်ပြိုလဲနေအိမ် ၁၂ အိမ်၊ အမိုးလန်နေအိမ် ၇၂ အိမ် စုစုပေါင်း ၈၄ အိမ်အတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်ဦးစီးများအား အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# နိုင်ငံတော်ပိုင် ကျွန်းသစ်တောစိုက်ခင်းအား ဖျက်ဆီး၍ တောင်ယာပြုလုပ်သူအား သစ်တောဥပဒေအရ အရေးယူ

**တောင်တွင်းကြီး မေ ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသက်ဖြိုးဝေ ဦးဆောင်သောအဖွဲ့နှင့် ကုလားမကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးပါဝင်သောအဖွဲ့သည် မေ ၂၂ ရက် ညနေ ၃ နာရီက ကုက္ကိုကုန်းနယ်မြေရဲစခန်း တောင်ဘက် ၃ မိုင်ခန့်အကွာ ကုလားမကျေးရွာအုပ်စုအတွင်းရှိ ရန်ပယ်သစ်တောကြိုးဝိုင်း အကွက်အမှတ် (၁၁၁) အား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် အောင်ဆန်း ကုလားမကျေးရွာနေသူသည် (၁/၂၀၀၀) စီးပွားရေးကျွန်း (အထူး) စိုက်ခင်း ၂၅၀ ဧကအတွင်း စိုက်ပျိုးထားသည့် ကျွန်းပင်များအား ခုတ်လှဲဖျက်ဆီးပြီး တောင်ယာ သုည ဒသမ ၇၅ ဧက ပြုလုပ်ထားကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်ပိုင် ကျွန်းစိုက်ခင်းအား ဖျက်ဆီး၍ တောင်ယာပြုလုပ်သူ အောင်ဆန်းအား သစ်တောဥပဒေအရ အရေးယူပေးရန် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းက တိုင်တန်းသဖြင့် တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းနယ်မြေရဲစခန်း(ပ) ၁၆/၂၀၁၅၊ သစ်တောဥပဒေပုဒ်မ ၄၃(က) ဖြင့် မေ ၂၆ ရက် နံနက် ၁၁ နာရီက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

အဆိုပါကြိုးဝိုင်း၌ စိန်လင်း ကုလားမကျေးရွာနေသူသည် (၁/၂၀၀၀) စီးပွားရေးကျွန်း (အထူး) စိုက်ခင်း ၂၅၀ ဧကအတွင်း စိုက်ပျိုးထားသည့် ကျွန်းပင်များအား ခုတ်လှဲဖျက်ဆီးပြီး တောင်ယာ သုည ဒသမ ၄၁၃၂ ဧက ပြုလုပ်ထားကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်ပိုင် ကျွန်းစိုက်ခင်းအား ဖျက်ဆီး၍ တောင်ယာပြုလုပ်သူ စိန်လင်းအား သစ်တောဥပဒေအရ အရေးယူပေးရန် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းက တိုင်တန်းသဖြင့် တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းနယ်မြေရဲစခန်း (ပ) ၁၇/ ၂၀၁၅၊ သစ်တောဥပဒေပုဒ်မ ၄၃(က) ဖြင့် မေ ၂၆ ရက် နံနက် ၁၁ နာရီခွဲက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **နိုင်ဝင်း**







ရွှေဆောင်(၁) | မင်္ဂလာ (၂) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ | ၂၉ - ၅ - ၂၀၁၅ ရက်မှ စတင်၍ ထစ်ပြိုင်တည်းပြပြီ

နေပြည်တော် ဖုန်း - 251277, 251288 | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | ၂၉ - ၅ - ၂၀၁၅ ရက်မှ စတင်၍ ထစ်ပြိုင်တည်းပြပြီ






# မူးယစ်ဆေးဝါးအန္တရာယ်ဟောပြောပွဲ နမ့်စန်၌ကျင်းပ



**နမ့်စန်(တ) မေ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဝမ်ပိန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် မေ ၂၇ ရက် နံနက် ၉ နာရီက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ကျေးလက်နေတောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် နှင့် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုပပျောက်စေရန် ရည်ရွယ်ချက်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော ပွဲကို ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဝမ်ပိန်းကျေးရွာအုပ်စုနှင့် ဟိုရမ်းကျေးရွာအုပ်စုရှိ ကျေးရွာ ၁၄ ရွာတို့မှ လူငယ်လူရွယ်များ၊ တောင်သူ ၁၈၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရက မူးယစ်ဆေးဝါး အကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ် ကြီးမားပုံနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ဟောပြောဆွေးနွေးခဲ့ပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာအောင်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါး အန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် သိသင့်သည်များကို ပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဟောပြောပွဲ တက်ရောက်လာကြသော တောင်သူများကို မူးယစ်ဆေးဝါးအသိပညာပေး လက်ကမ်းစာစောင်များအခမဲ့ ဖြန့်ဝေပေးခြင်း၊ နံရံကပ်စာစောင်များ ပြသပေးခြင်းနှင့် နယ်လှည့်စာကြည့်တိုက် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

**သူရအောင်(ပြန်/ဆက်)**

## ထူးချွန်ဆုရရှိသည့် မိတ္ထီလာဘိုးဘွားရိပ်သာ ထပ်ဆင့်ချီးမြှင့်ဂုဏ်ပြုပွဲကျင်းပ

**မိတ္ထီလာ မေ ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သော ၂၀၁၅ ခုနှစ်လူမှုရေးဆိုင်ရာထူးချွန်ဆုရရှိသည့် မိတ္ထီလာ ဘိုးဘွားရိပ်သာထပ်ဆင့်ချီးမြှင့်ဂုဏ်ပြုပွဲကို ၎င်းရိပ်သာတွင် မေ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

၎င်းနောက် မိတ္ထီလာဘိုးဘွားရိပ်သာစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းကျော်က ထပ်ဆင့်ချီးမြှင့်ဂုဏ်ပြုပွဲပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့အမှုဆောင်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ချမ်းသာ (မိတ္ထီလာ)**

ဖတ်စရာ

# တရားသံများဖြင့် အလုပ်စတင်သည့် မီးရထားတွဲပြင်စက်ရုံ

**à တိမ်တမန်**

နံနက်ခင်းတိုင်း စိတ်ငြိမ်းချမ်းပျော်ရွှင်မှုပြောဆိုမှုဖြင့် စတင်သမျှ တစ်နေကုန် စိတ်ချမ်းသာစွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟု ဆိုထားသည်။ နေ့သစ်အစနံနက်တိုင်းတွင် စိတ်ချမ်းသာရေး၊ စိတ်တည်ငြိမ်ရေးကို အလေးဂရုပြုလေ့ရှိသည်။ အိမ်တိုင်းတွင် နံနက်တိုင်းတရားခွေများ ဖွင့်ထားခြင်းသည် ပင်မင်္ဂလာရှိနေပေသည်။ မြန်မာနိုင်ငံတွင် နံနက်ခင်းတိုင်း ပရိတ်တရားသံလေးများဖြင့် အလုပ်ခွင်ဝင်စေသောစက်ရုံများထဲမှ နိုင်ငံပိုင်စက်ရုံတစ်ရုံလည်းရှိသေးသည်။ ထိုစက်ရုံမှာ မြစ်ငယ်မြို့ မီးရထားတွဲပြင်နှင့်တွဲသစ်တည်ဆောက်ထုတ်လုပ်သည့် စက်ရုံပင်ဖြစ်သည်။ စက်ရုံတွင် ဥဩသံဖြင့် အချက်ပေးပြီး နံနက် ၇ နာရီ အလုပ်ဝင်ကာ ညနေ ၄ နာရီတွင် အလုပ်ပြန်လေ့ရှိသည်။

မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ လူစီးတွဲနှင့် ကုန်တွဲစက်ရုံကို ၁၉၀၅ ခုနှစ်တွင် တည်ဆောက်ကာ ၁၉၁၁ တွင်ပြီးစီးသည်။ ၁၉၁၂ ခုနှစ်တွင် စက်ရုံစတင် လည်ပတ်ကြောင်းသိရသည်။ စက်ရုံစတင်တည်ဆောက်ချိန်မှစကာ ဝန်ထမ်းအိမ်ရာများစွာကိုပါ တည်ဆောက်ခဲ့သဖြင့် မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ နှစ်ပေါင်းတစ်ရာကျော်ခြင်းနှင့်အတူ ဝန်းထမ်းအိမ်ရာများစွာသည်လည်း နှစ်ပေါင်းတစ်ရာကျော်တည်ရှိပြီး ရှေးမူအတိုင်းတည်ရှိနေသည်။

မြစ်ငယ်မြို့ကိုလေ့လာသမျှ ဆောက်လုပ်ရေးလုပ်ငန်းနှင့်မြို့ပြအင်ဂျင်နီယာစနစ်ကောင်းမွန်ခဲ့ပုံကို အတုယူနိုင်သည်ဟုညွှန်းဆိုနိုင်သည်။ ရှေ့မီနောက်မီ အသက် ၉၀ အရွယ် မီးရထားအငြိမ်းစားကြီးများ၏ လက်ဆင့်ကမ်းပြောပြမှုအရ အလုပ်ခန့်ပုံ၊ စမ်းသပ်ပုံ၊ ထိုခေတ်လစာနှင့်လစာပေးပုံစနစ်၊ လူမျိုးစုံ ဘာသာပေါင်းစုံ ရှေးယခင်မှစကာ ယခုအထိငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကာ သူ့ပွဲကိုယ့်ပွဲအတူတစ်ကွ ပျော်ရွှင်စွာဆင်နွှဲခဲ့ပုံများ၏ ကောင်းမွန်သော ဆက်ဆံရေးကိုသိရသည်။ ဘာသာပေါင်းစုံ ဘုရားကျောင်းများ ယခုတိုင်တည်ရှိနေသည်။

အလုပ်သမားလိုင်းများသန့်ရှင်းမှုကို အထူးအလေးထား ဆောင်ရွက်ခဲ့ပုံနှင့် ကျန်းမာရေးအတွက် သောက်သုံးရေသန့်စင်ပုံ၊ ရေပေးဝေနည်းစနစ်များကိုပါ သိရသည်။ အိမ်သာများတွင် လေးခန်းတွဲအိမ်သာများ တည်ရှိပုံ၊ မိလ္လာပုံးထိုးစနစ်ကျင့်သုံးပုံ၊ ဝန်ထမ်းလိုင်းများတွင် ၂၄ နာရီ ရေလွှတ်ထားပုံများပါ သိရသည်။ လက်ရှိကာလတွင် ဝန်ထမ်းတိုးချဲ့အိမ်ရာသစ်များဖြင့် တိုးတက်စည်ပင်နေသည်။

မြို့အင်္ဂါရပ်နှင့်အညီဘောလုံးကွင်း၊ တင်းနစ်ကွင်းမှအစ ရပ်ကွက်တိုင်းမီးသတ်ငုတ်ထားပုံ၊ မီးသတ်ရေတိုင်၊ မီးသတ်သေတ္တာ၊ ရေပိုက်ထည့်ထားပုံ သော့ယူပုံတို့မှအစ၊ စနစ်တကျတည်ရှိခဲ့ပြီး အတုယူစရာမြို့ပြစနစ်ဖြင့် တည်ဆောက်ခဲ့သော မြို့ကလေးဖြစ်ကြောင်း သိရသည်။ မြစ်ငယ်မီးရထားတွဲပြင်စက်ရုံဝန်ထမ်းများ နံနက် အလုပ်မဝင်မီကပင်အချိန်မှတ်ရုံးတွင် ပရိတ်တရားခွေကို အသံချဲ့စက်ဖြင့်ဖွင့်ပေးထားသည်။ နံနက်တိုင်း ဥဩသုံး ခွန်းသံ၊ ပရိတ်တရားသံတို့သည် မြစ်ငယ်မီးရထားတွဲပြင် စက်ရုံ၏ ချစ်စရာဓလေ့လေးဖြစ်ပြီး နံနက်ခင်းစက်ရုံပေါက်ရောက်သည်နှင့် စိတ်ချမ်းသာစရာကောင်းလှကြောင်း၊ လုပ်ကိုင်မှုစွမ်းရည်တို့လည်း တိုးတက်ကာဝန်ထမ်းများ စိတ်ချမ်းသာလျက်ရှိကြောင်း မြို့ခံတစ်ဦးက ပြောပြသည်။

**လူမျိုးစုံ ဘာသာပေါင်းစုံ ရှေးယခင်မှစကာ ယခုအထိ ငြိမ်းချမ်းစွာ အတူယှဉ်. .**




**WEBS** IELTS, 4 Skills, Business English
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။
➢ သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။ သင်ကြားသည့်ဆရာ-ဆရာမိုးခင်းနိုင်သည်
➢ အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။

**အမည်ပြောင်း**
ပဲခူးမြို့နယ်၊ ရွှေသာလျောင်းပိုင်း၊ အရှေ့မင်းလမ်းနေ ဦးမြင့်စိုး၏သား အ. ထ. က(၇) နဝမတန်း(ဂ)မှ မောင်သူရအောင်အား မောင်သန့်စင်ထူးဟု ပြောင်းလဲခေါ်တွင်ပါရန်။
မောင်သန့်စင်ထူး

**ဖခင်အမည်မှန်**
မအူပင်မြို့နယ် ကျောင်းရွာ အ. ထ. က၊ ဒသမတန်းမှ မသွယ်သွယ်ထွန်းနှင့် ထရော်စခန်းကြီး အ. လ. က၊ ပဉ္စမတန်းမှ မဝင်းဝင်းဝါတို့၏ ဖခင်အမည်မှန်မှာ ဦးအေးလွင်ဖြစ်ပါကြောင်း။
ဦးအေးလွင်[၁၄/ကလန(နိုင်)၀၈၂၆၆၅]

**အမည်ပြောင်း**
အဖဦးငွေမိုး[၁၂/မဘန(နိုင်)၀၄၃၉၀၆]၏ သမီး၊ အထက(၄)လှိုင်မြို့နယ်၊ နဝမတန်း(က)မှ မဖြိုးသဥ္ဇာကျော်အား ခင်စစ်သွေးဟု ပြောင်းလဲခေါ်ပါရန်။
ခင်စစ်သွေး

PUN HLAING SILOAM HOSPITALS

**သင်နှင့်သင့်မိသားစုအတွက် လက်လွတ်မခံသင့်သော အခွင့်အရေး**
**ဇွန်လ ၁၅ ရက်နေ့အထိသာ**

| | |
|---|---|
| နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေရှိ/မရှိစစ်ဆေးခြင်း (Calcium Score) | 9,900 ks |
| တင်ပါးဆုံအဆစ်နှင့်ခြေထောက်အနေအထားမှန်/မမှန်စစ်ဆေးခြင်း (Hip & Club Foot) ကလေးမွေးပြီးသက်(၆)လအထိသာ | 4,900 ks |
| သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်း (Pap Smear) | 4,900 ks |
| ဆီးကျိတ်ကင်ဆာစစ်ဆေးခြင်း (PSA) အမျိုးသားများသာ | 9,900 ks |
| အစာအိမ်အူလမ်းကြောင်းတွင် သွေးယိုစိမ့်မှုရှိ/မရှိစစ်ဆေးခြင်း (Faecal Occult Blood) | 3,900 ks |
| ရင်သားခေါ်မှန်ရိုက်စစ်ဆေးခြင်း (Mammogram) | 9,900 ks |
| အသည်းရောင်အသားဝါဘီပိုးစစ်ဆေးခြင်း (Hep B Screening) HBsAg & HbsAb | 9,900 ks |

Call us 684433
8:00 am to 5:00pm

Amazing Price
လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေးသွင်းရန်
ပန်းလှိုင်ဆီလုံဆေးရုံတွင်သာ
LIKE US ON facebook Pun Hlaing Hospital

လာရောက်စစ်ဆေးသူတိုင်းအား အချိန်မှန်တိုင်းတာခြင်းကိုအခမဲ့ ပြုလုပ်ပေးမည်ဖြစ်ပါသည်...

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးစပါးဧက ၁၈၇၅၀၀၀ စိုက်ပျိုးရန်လျာထား

**မုံရွာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ဆန်ဖူလုံစွာ စားသုံးနိုင်ရန်နှင့် ပိုလျှံသောစပါးများကို တင်ပို့ရောင်းချနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးစပါးဧက ၁၈၆၅၀၀၀ ကို ခရိုင်ကိုးခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် စိုက်ပျိုးနိုင်ရေးလျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

"လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေ စိုက်ပျိုးစရိတ်တွေကို ချေးပေးမှုတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင်းရှိ စစ်ကိုင်းခရိုင်တွင် ၇၁၁၀၀ ဧက၊ မုံရွာခရိုင်တွင် ဧက ၁၃၇၉၀၀၊ ယင်းမာပင်ခရိုင်တွင် ဧက ၁၃၉၄၀၊ ရွှေဘိုခရိုင်တွင် ဧက ၈၅၆၇၀၀၊ ကသာခရိုင်တွင် ဧက ၃၂၀၆၀၀၊ ကလေးခရိုင်တွင် ၁၅၃၈၀၀ဧက၊ မော်လိုက်ခရိုင် ဧက ၆၆၀၀၀၊ တမူးခရိုင်တွင် ဧက ၃၉၀၀၀၊ ခန္တီးခရိုင်တွင် ဧက ၆၂၆၆၀၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဧက ၂၇၈၄၀ တို့ဖြင့် စုစုပေါင်း ဧက ၁၈၇၅၀၀၀ စိုက်ပျိုးနိုင်ရေး အတွက် လျာထားကြောင်း သိရသည်။

ခရိုင်အလိုက်တွင် စိုက်ပျိုးရေးရရှိမှု အခြေအနေအရ လျာထားချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၈၆၃၂၀၀ ဧက လျာထားပြီး ၁၇၄၇၁၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း ၁၈၇၅၀၀၀ ဧကလျာထားရာ လျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများမှ စိုက်ပျိုးနည်းပညာ၊ စိုက်ပျိုးစရိတ်များ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဝါးများရှားပါးလာ၍ ဝါးယပ်တောင်လုပ်သူများအခက်အခဲဖြစ်နေ

**ပုသိမ်ကြီး မေ ၂၉**

ဝါးဖြင့်ပြုလုပ်သော စက္ကူကပ် ယပ်တောင်များမှာ ဝါးများရှားလာ၍ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ယပ်တောင်ပြုလုပ်သူ တချို့မှာ ကုန်ကြမ်းရှားပါးခြင်းကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး ကုန်ကြမ်း မရရှိပါက ယင်းလုပ်ငန်းပင် ကွယ်ပျောက်နိုင်ကြောင်း လုပ်ကိုင်သူများက ပြောသည်။

ကုန်ကြမ်းရှားပါးလာမှုကြောင့် ယခင်က ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ရွှေကျင်ရေရွာတွင် အလွယ်တကူ ဝါးများခုတ်ယူနိုင်သော်လည်း ထိုနေရာတွင် ကုန်ကြမ်းမရှိသလောက် ရှားပါးလာခြင်းကြောင့် ပြင်ဦးလွင်သို့ သွားရောက်ဝယ်ယူကြရကြောင်း ၎င်းတို့က ပြောသည်။

အဆိုပါ နေရာများတွင်လည်း လာမည့် နှစ်နှစ်တာ ကာလလောက်တွင် ကုန်ကြမ်းရှားပါးလာနိုင်သည့်အတွက် ယပ်တောင် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စိုးရိမ်လျက်ရှိကြကြောင်းသိရသည်။

ထိုသို့ ကုန်ကြမ်းရှားပါးလာခြင်းကြောင့် ဈေးအနည်းငယ်မြင့်သွားကာ ယခင်က ဈေးကွက်တွင် ယခုလောက်ဈေးမရှိဘဲ တစ်ချောင်းလျှင် ရှစ်ကျပ်ခန့်ဖြင့် ရောင်းချဖူးကြောင်း၊ ယခုလက်ရှိဈေးမှာ ၁၅ ကျပ်သို့ ရောက်ရှိနေကြောင်း ထိုသို့ဖြစ်ရခြင်းမှာ ဝါးကုန်ကြမ်းရှားပါးလာခြင်းကြောင့်ပင်ဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

အဆိုပါ စက္ကူဝါးယပ်တောင်လေးများသည် အလှူအတန်းပွဲများ၊ သာရေး၊ နာရေးပွဲများနှင့် အထိမ်းအမှတ်ပွဲများတွင် အမှတ်တရ လက်ဆောင်မွန် တစ်ခုအဖြစ် ပြန်လည်ပေးအပ်သည့်နေရာတွင် အများဆုံး အသုံးပြုလေ့ရှိသည်။

ထိုဒေသမှ လုပ်ငန်း လုပ်ကိုင်သူများက ကုန်ကြမ်းများရှားပါးလာပါက ၎င်းတို့၏ မိရိုးဖလာ ယပ်တောင်လုပ်ငန်းအတွက် ဝါးအခက်အခဲများရှိလာနိုင်ကြောင်း ပြောသည်။

ရေကြည်ညောင်ပင်ကျေးရွာမှ ကိုတိုးက "ဒီလို ဝါးကုန်ကြမ်းရှားပါးလာမှုဟာ ကျွန်တော်တို့ကျေးရွာ ယပ်တောင်လုပ်ငန်း လုပ်ကိုင်နေသူတွေအတွက် စိုးရိမ်စရာဖြစ်ပါတယ်။ အခုလိုရှားပါးလာတာကလည်း အဓိကကတော့ မျှစ်ချိုးတာပေါ့လေ။ ဒါတွေကို ဆင်ခြင်သင့်တယ်ပေါ့။ နောက်ပြီး ယာလုပ်ငန်းတွေ လုပ်ကိုင်လာတာနဲ့အမျှ ဝါးပင်တွေကို ခုတ်ပစ်တာတွေကြောင့် ဖြစ်ပါတယ်။

"ပုသိမ်ကြီး ရွှေကျင်ရေဘက်မှာ ကုန်ကြမ်းရှားသွားတော့ ကျွန်တော်တို့တွေဟာ ပြင်ဦးလွင်ကိုသွားပြီးတော့ဝယ်ရတယ်။ သယ်ယူရတယ်။ ဒါတွေကြောင့် တစ်ခုကို ၁၅ ကျပ်လောက်အထိ ဈေးပေါက်သွားတာလည်းဖြစ်တယ်။ အခြားဝါးတွေထက် ယပ်တောင်လုပ်တဲ့ မျှင်ဝါး၊ သနပ်ဝါး၊ သိုက်ဝါးတွေရှားပါးလာခြင်းဟာ ယပ်တောင်လုပ်ငန်းအတွက် အများကြီးထိခိုက်တယ်။ ဒါကြောင့် ဝါးကိုစီးပွားဖြစ်စိုက်ပျိုးဖို့တောင် လိုလာပြီ" ဟု ၎င်းက ပြောသည်။

ပုသိမ်ကြီးမြို့နယ် ရေကြည်ညောင်ပင်ကျေးရွာထွက် စက္ကူယပ်တောင် လေးများသည် တစ်နိုင်ငံလုံး၏ ယပ်တောင် လိုအပ်ချက်ကို တစ်ခန်းတစ်ကဏ္ဍ ဖြည့်ဆည်းပေးနေသည့် နေရာတစ်ခုလည်း ဖြစ်သည်။

ဝါးကုန်ကြမ်း ရှားပါးလာခြင်းကြောင့် ပြင်ဦးလွင်၊ မြေပုံ၊ သံတောင် အစရှိသည့် ဘက်များသို့သွားရောက် ဝယ်ယူနေရပြီး ထိုနေရာတွင် ယပ်တောင်လုပ်သည့် ဝါးကုန်ကြမ်းရှားပါးလာပါက မြစ်ဆိပ်လိုနေရာမျိုးတွင် သွားရောက်ဝယ်ယူ လုပ်ကိုင်ရသည့် အခြေအနေများအထိ ပြင်ဆင်ထားရကြောင်း ၎င်းတို့က ပြောသည်။

ထိုသို့သွားရောက် ဝယ်ယူရပါက အခက်အခဲအချို့ရှိနိုင်ကြောင်း၊ ဈေးနှုန်းမြင့်မားလာသည့်အတွက် ယပ်တောင်အသုံးပြုရသည့် သာရေးနာရေးပွဲတော်များ၊ အထိမ်းအမှတ် ပွဲတော်များတွင် အစားထိုးပစ္စည်းများ ဝင်ရောက်လာနိုင်ကြောင်း လုပ်ငန်းလုပ်ကိုင်သူတချို့ လုပ်ငန်းရှင်များကလည်း ယင်းလုပ်ငန်းအပေါ် သုံးသပ်သူများလည်း ရှိသည်။



မန္တလေးမြို့ပေါ် အချို့သော မင်္ဂလာဆောင်ပွဲများ၊ အလှူပွဲများနှင့် အထိမ်းအမှတ်ပွဲများတွင် စက္ကူယပ်တောင်များအစား သော့ချိတ်၊ စာအုပ်၊ ပြက္ခဒိန်၊ ပလတ်စတစ် ယပ်တောင် အစရှိသည့် အစားထိုးပစ္စည်းများ ဝင်ရောက်နေကြပြီ ဖြစ်သည်။

အဆိုပါ လုပ်ငန်းကို အားထားလုပ်ကိုင်နေသည့် မိသားစုများ၏ စားဝတ်နေရေးအတွက် အလေးထားရမည့် ကဏ္ဍတစ်ခုလည်းဖြစ်ပြီး ကုန်ကြမ်းရှားပါးမှုမဖြစ်စေရေး ဝါးမျိုးသုဉ်းမသွားရေးအတွက် မျှစ်ချိုးခြင်းကို ဆင်ခြင်ရမည်ဖြစ်သည်ဟု ထိုဒေသခံက ပြောသည်။

"ဝါးများကို ခုတ်သူကခုတ်၊ အရွယ်တူဖြတ်သူကဖြတ် ရရှိလာသည့် ဝါးကုန်ကြမ်းကို အခြမ်းခြမ်းကာ အချောသပ်၍ သေးငယ်သေသပ်သော အလတ်ကလေးများကို စိတ်ရှည်လက်ရှည် အထူအပါး ညီညာစွာဖြာပေးရပါတယ်။ ထိုအဆင့်များနှင့်မပြီး အလတ်ဖြာပြီးသားကိုင်းတံ၏ အရင်းကို ဓားထက်ထက်ဖြင့် သုံးစွဲသူများ သက်သက်သာသာဖြစ်စေရန် အချောကိုင်ရပါတယ်။

"နောက် ကိုင်းတံအရင်းတွင် အပေါက်ဖောက်ရပါတယ်။ အပေါက်ဖောက်ရာမှာလည်း အရင်က ခြေနင်းစက်ဖြင့်သာ ဖောက်ကြရပြီး မီးရရှိတဲ့နောက်ပိုင်း မော်တာတပ်ကာ အပေါက်ဖောက်သည့် လုပ်ငန်းကို လုပ်ကိုင်နိုင်သည့်အတွက် လုပ်ငန်းပိုမိုတွင်ကျယ်မှု ရှိလာပါတယ်။ အပေါက်ဖောက်ပြီးပါက အဲ့အပေါက်ထဲကို လေးကိုင်းသဏ္ဌာန်ကိုင်းတံထည့်ရပါတယ်။

"ကိုင်းတံကို (သေနပ်) ဝါးကိုထည့်ရပါတယ်။ ကိုင်းတံထိပ်နှစ်ထိပ်နဲ့ ဖြာပြီးသားအလတ်ကလေးများကို ကြိုးနဲ့ သီရပါတယ်။ သီပြီးမှသာ ယပ်တောင် အကြမ်းထည်တစ်ခုအဖြစ်သို့ရောက်ရှိလာပါတယ်။ အကြမ်းကို တစ်ချောင်း ၁၅ ကျပ် နှုန်းရရှိပါတယ်။ စက္ကူကပ်ပြီးသည့်အဆင့်မှာ တစ်ချောင်း ၆၀ ကျပ်အထိရပါတယ်" ဟု ရေကြည်ညောင်ပင်ကျေးရွာမှ ယပ်တောင်လုပ်ငန်း လုပ်ကိုင်သူ ဦးရဲမင်းအောင်က ပြောပြသည်။

**ဖြိုးဝေ(ဆင်တဲဝ)**
















# စစ်ကိုင်း၌GW-1စပ်မျိုးစပါး စမ်းသပ်စိုက်ပျိုးမည်

**မုံရွာ မေ ၂၉**

